The WARNATH GROUP

# လူကုန်ကူးမှုများတွင် လူကုန်ကူးခံရသူများကို ဗဟိုပြုချဉ်းကပ်မှုအားအသုံးပြုခြင်း (ဥပဒေအရာရှိများအတွက်)

---

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

လက်စွဲစာအုပ်

ယခုသင်တန်းအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့
တစ်ရပ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤနေရာ၌ ဖော်ပြထားသော
ထင်မြင်ချက်များ၊ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များသည် ရေးသားသူများနှင့်သာ
သက်ဆိုင်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လုံးဝသက်ဆိုင်မှု မရှိပေ။

## မာတိကာ


၁။ အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်

၂။ The Warnath Group နှင့်သက်ဆိုင်သည့် အကြောင်းအရာ

၃။ The Warnath Group Team နှင့်သက်ဆိုင်သည့် အကြောင်းအရာ

၄။ သင်ခန်းစာမော်ဂျူး ၁ - လူကုန်ကူးမှုဆိုသည်မှာအဘယ်နည်း။ ( နိုင်ငံတကာဥပဒေ )

၅။ သင်ခန်းစာမော်ဂျူး ၁ - လူကုန်ကူးမှုဆိုသည်မှာအဘယ်နည်း။
( မြန်မာဥပဒေ အဓိပ္ပာယ် ဖွင့်ဆိုချက် )

၆။ သင်ခန်းစာမော်ဂျူး ၁ - လူကုန်ကူးမှုဆိုသည်မှာအဘယ်နည်း။
( မှုခင်းဖြစ်စဉ် လေ့လာမှုများ)

၇။ သင်ခန်းစာမော်ဂျူး ၂ - လူကုန်ကူးခံရသူအား ဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်း။

၈။ သင်ခန်းစာမော်ဂျူး ၃ - လူကုန်ကူးမှုတစ်ခုအား သက်သေပြခြင်း။

၉။ သင်ခန်းစာမော်ဂျူး ၄ - လူကုန်ကူးခံရသူနှင့် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်း။

၁၀။ သင်ခန်းစာမော်ဂျူး ၅ - လူကုန်ကူးခံရသည့် ကလေးသူငယ်များ။

၁၁။ သင်ခန်းစာမော်ဂျူး ၆ - နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။

၁၂။ သင်ခန်းစာမော်ဂျူး ၇ - ပြည်တွင်းလူကုန်ကူးမှု၌ ပူးပေါင်းဆောင်ရွက်ခြင်း။

၁၃။ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည့် သတင်းအချက်အလက်စာမျက်နှာ။

The WARNATH GROUP

## လူကုန်ကူးမှုများ၌ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုကို အသုံးပြုခြင်း (ဥပဒေအရာရှိများအတွက်)

### *အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်*

**အလုပ်ရုံဆွေးနွေးပွဲပထမနေ့**

**ကြိုဆိုနှုတ်ဆက်ခြင်းနှင့် မိတ်ဆက်ခြင်းများ** ၀၉း၀၀ - ၁၀း၀၀

ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခြင်း။

တက်ရောက်လာကြသည့် ဂုဏ်သရေရှိ အဆင့်မြင့်အရာရှိကြီးများနှင့် အုပ်စုဓာတ်ပုံရိုက်ကူးခြင်း။

***ခေတ္တနားချိန်*** ၁၀း၀၀ - ၁၀း၃၀

**ကြိုဆိုနှုတ်ဆက်ခြင်းနှင့် မိတ်ဆက်ခြင်းများ** ၁၀း၃၀ - ၁၁း၀၀

Warnath Group ကျွမ်းကျင်သူပညာရှင်များမှ မိတ်ဆက်ခြင်း။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများမှ မိတ်ဆက်ခြင်း။

အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်အကျဉ်းချုပ် တင်ပြခြင်း။

အလုပ်ရုံဆွေးနွေးပွဲ မစတင်မီ အကြိုဆန်းစစ်ချက်မေးခွန်းများ မေးမြန်းဖြေဆိုခြင်း။

**လူကုန်ကူးခြင်းဆိုသည်မှာအဘယ်နည်း။** ၁၁း၀၀ – ၁၃း၀၀

နိုင်ငံတကာ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်။

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းမှ တင်ဆက်မည်ဖြစ်ပါသည်။

မှုခင်းဖြစ်စဉ်လေ့လာခြင်းများ။

| | |
|---|---|
| ***နေ့လည်စာသုံးဆောင်ခြင်း*** | ၁၃း၀၀ – ၁၄း၀၀ |
| **လူကုန်ကူးခြင်းဆိုသည်မှာအဘယ်နည်း။** | ၁၄း၀၀ – ၁၅း၀၀ |
| မှုခင်းဖြစ်စဥ်လေ့လာခြင်းများ (အဆက်) | |
| ***ခေတ္တနားချိန်*** | *၁၅း၀၀* – ၁၅း၃၀ |
| **လူကုန်ကူးခံရသူဗဟိုပြုချဥ်းကပ်ဆောင်ရွက်ခြင်း** | ၁၅း၃၀ – ၁၇း၀၀ |

လူကုန်ကူးခံရသူ ဗဟိုပြုချဥ်းကပ်ဆောင်ရွက်ခြင်းဆိုသည်မှာ အဘယ်နည်း။

မည်သည့်အတွက်ကြောင့် လူကုန်ကူးခံရသူဗဟိုပြုချဥ်းကပ်ဆောင်ရွက်ခြင်းကို အသုံးပြုကြသနည်း။

**အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့**

| | |
|---|---|
| **လူကုန်ကူးမှုတစ်ခုအား သက်သေပြခြင်း** | ၀၉း၀၀ – ၁၀း၃၀ |
| မှန်ကန်ကြောင်း သက်သေပြရန်တာဝန် | |
| ***ခေတ္တနားချိန်*** | ၁၀း၃၀ – ၁၁း၀၀ |
| **လူကုန်ကူးမှုတစ်ခုအား သက်သေပြခြင်း (အဆက်)** | ၁၁း၀၀ – ၁၂း၃၀ |
| ***နေ့လည်စာသုံးဆောင်ခြင်း*** | ၁၂း၃၀ – ၁၃း၃၀ |
| **လူကုန်ကူးခံရသူများနှင့် လုပ်ငန်းဆောင်ရွက်ခြင်း** | ၁၃း၃၀ – ၁၅း၀၀ |
| ***ခေတ္တနားချိန်*** | *၁၅း၀၀ – ၁၅း၃၀* |
| **လူကုန်ကူးခံရသူများနှင့် လုပ်ငန်းဆောင်ရွက်ခြင်း** | *၁၅း၃၀* – ၁၇း၀၀ |

**အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့**

**လူကုန်ကူးခံရသည့်ကလေးသူငယ်များ** ၀၉း၀၀ – ၁၀း၃၀

နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများ။

မြန်မာနိုင်ငံ၏ အလေ့အထ(Practice)။

လူကုန်ကူးခံရသည့်ကလေးသူငယ်များနှင့် လုပ်ငန်းဆောင်ရွက်ခြင်း။

***ခေတ္တနားချိန်*** ၁၀း၃၀ – ၁၁း၀၀

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း** ၁၁း၀၀ – ၁၂း၃၀

***နေ့လည်စာသုံးဆောင်ခြင်း*** ၁၂း၃၀ – ၁၃း၃၀

**ပြည်တွင်းလူကုန်ကူးမှု ပူးပေါင်းဆောင်ရွက်ခြင်း** ၁၃း၃၀ – ၁၅း၃၀

ရဲတပ်ဖွဲ့နှင့် လုပ်ငန်းလုပ်ဆောင်ခြင်း။

NGOs များနှင့် လုပ်ငန်းလုပ်ဆောင်ခြင်း။

***ခေတ္တနားချိန်*** *၁၅း၃၀* – ၁၆း၀၀

**ဆွေးနွေးခဲ့သည်များ ပြန်လည်စုစည်းခြင်း(WRAP-UP)နှင့် အဆုံးသတ်ခြင်း** ၁၆း၀၀ – ၁၇း၀၀

မေးခွန်းမေးမြန်းခြင်း နှင့် ဖြေကြားခြင်းကဏ္ဍ

အလုပ်ရုံဆွေးနွေးပွဲ ပြီးဆုံးချိန် ဆန်းစစ်ချက်မေးခွန်းများ မေးမြန်းဖြေဆိုခြင်း။

နှုတ်ဆက်အမှာစကားများ ပြောကြားခြင်း။

# THE WARNATH GROUP နှင့်သက်ဆိုင်သည့် အကြောင်းအရာ

---

The Warnath Group သည် လူကုန်ကူးမှု၊ တရားဥပဒေစိုးမိုးမှု၊ လူသားချင်း စာနာထောက်ထားမှု စသည့် ကိစ္စများနှင့်စပ်လျဥ်း၍ အစိုးရ၊ စီးပွားရေးလုပ်ငန်း၊ ပရဟိတ လုပ်ငန်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများအတွက် မဟာဗျူဟာ အကြံဉာဏ်များပေးခြင်း၊ အဖွဲ့အစည်းနှင့် သင့်လျော်ကိုက်ညီမှုရှိသည့် သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု/ နည်းစနစ်ကျွမ်းကျင်မှုရှိစေရန် လေ့ကျင့်ဆောင်ရွက် ပေးခြင်း စသည်ဖြင့် ပံ့ပိုးကူညီပေးပါသည်။ The Warnath Group သည် အထက်ဖော်ပြပါကိစ္စရပ်များအား ပိုမိုသင့်လျော်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် မဟာဗျူဟာများ၊ ဥပဒေများ၊ မူဝါဒများနှင့် ပရိုဂရမ်များအား ကမ္ဘာတစ်လွှားရှိ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ ပေါင်းစပ်ညှိနှိုင်းပြီး ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။

The Warnath Group (WG) Team အဖွဲ့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်နေသည့် ကမ္ဘာတစ်လွှားမှ အထင်ရှားဆုံး ကျွမ်းကျင်ပညာရှင်များ ပါဝင်ကြပါသည်။ မိမိတို့၏ သင်တန်းနည်းပြများနှင့် အကြံပေးအရာရှိများသည် အထက်ဖော်ပြပါ ကိစ္စရပ်များ၊ ယင်းတို့နှင့်ဆက်နွယ်သည့်ကိစ္စရပ်များဆိုင်ရာ ဥပဒေနှင့် မူဝါဒများ ရေးဆွဲ ဖော်ဆောင်ရာတွင် အဓိကပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ လွန်ခဲ့သော ၁၅ နှစ်ကျော် ကတည်းကပင် ထိုကဲ့သို့ နက်ရှိုင်းကျယ်ပြန့်သည့် ကျွမ်းကျင်မှုအတတ်ပညာများဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ ထိုကဲ့သို့ ၁၅ နှစ်ကျော်ကာလအတွင်း အဆင့်အမြင့်ဆုံး အစိုးရ တာဝန်ရှိသူများအား အကြံဉာဏ်ပေးခြင်း၊ ရာပေါင်းများစွာသော တရားဥပဒေစိုးမိုးရေး အဖွဲ့များနှင့် အခြားကျွမ်းကျင်သူများအတွက် သင်တန်းများပေးခြင်း နှင့် သင်တန်း အထောက်အကူပစ္စည်း ရရှိစေခြင်း စသည်တို့တွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ပြီး အတွေ့အကြုံ ရရှိခဲ့ပါသည်။

The Warnath Group ၏ သင်တန်းနည်းပြများနှင့် အကြံပေးအရာရှိများတွင် အစိုးရအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ဥပဒေအရာရှိများအဖြစ် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် အဆင့်မြင့်အရာရှိကြီးများ၊ ထူးချွန်ဆုရရှိထားသော၊ ထင်ရှားသော ဥပဒေအကူအညီပေး သည့် ကျွမ်းကျင်သူ experts များနှင့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများအား ကယ်ဆယ်စောင့်ရှောက်ပေးသူများ ပါဝင်ကြသည်။

WG Team တွင် အိမ်ဖြူတော်ဝန်ထမ်းဟောင်းများ၊ အမေရိကန်တရားရေးဝန်ကြီးဌာန(အထူးသဖြင့် ဥပဒေအရာရှိများ)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိဟောင်းများ၊ ပြည်နယ်ရှေ့နေချုပ်ဟောင်းများ(လူကုန်ကူးမှုနှင့် နစ်နာသူများနှင့်စပ်လျဉ်း၍ အတွေ့အကြုံရှိသော)၊ လူကုန်ကူးခံရသူများအတွက် နှစ်သိမ့်ပညာပေးဆောင်ရွက်သည့် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေများ(attorneys)၊ လူကုန်ကူးခံရသူများ၏ အခွင့်အရေးများအတွက် NGOsများနှင့်လုပ်ငန်းဆောင်ရွက်သည့် အကျိုးဆောင် ကိုယ်စားလှယ်ရှေ့နေများ (attorneys)၊ လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သုတေသနပြုခြင်း၊ စိစစ်ပိုင်းခြားခြင်း၊ လူကုန်ကူးခံရသူများအတွက် ဝန်ဆောင်မှုပေးခြင်းကဏ္ဍတို့တွင် ကျွမ်းကျင်သူ experts များ၊ NGOs များ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အစိုးရဌာနမှ အခြားတာဝန်ရှိသူများ အကြားပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည့် ကျွမ်းကျင်သူ experts များ ပါဝင်ကြပါသည်။

The Warnath Group သည် ကမ္ဘာတစ်လွှားရှိ နိုင်ငံများမှ အစိုးရအရာရှိများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များ၊ လူကုန်ကူးခံရသူများအား ဝန်ဆောင်မှုပေးနေသူများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ကျွမ်းကျင်သူများအတွက် သင်တန်းများနှင့် နည်းပညာအကူအညီများပေးအပ်နိုင်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆက်လက်တာဝန်ပေးထားရှိပါသည်။ မကြာသေးမီကပင် မိမိတို့ The Warnath Group နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုထားသည့်စာချုပ်အား နောက်ထပ် သုံးနှစ်ထပ်မံသက်တမ်းတိုးထားပြီးလည်း ဖြစ်ပါသည်။

The Warnath Group ၏ ဦးစီးခေါင်းဆောင်ဖြစ်သူမှာ Mr. Stephen Warnath ဖြစ်ပြီး ခေတ်သစ်ကျွန်ပြုမှုပုံစံများ ဖျက်သိမ်းနိုင်ရေးနှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ဥပဒေရေးရာနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများ စသည့်ကဏ္ဍတို့၌ ၁၅ နှစ်ကျော် ကြိုးပမ်း လုပ်ကိုင်ခဲ့ပါသည်။ Mr. Warnath အနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းကိစ္စ၊ ဒုက္ခသည်များ ကိစ္စ၊ ပြည်သူ့အခွင့်အရေးကိစ္စနှင့် ခေါင်းပုံဖြတ်သည့်အမှုကိစ္စများ အပါအဝင် တရားစီရင်ရေးဆိုင်ရာ မူဝါဒကိစ္စများကို သမ္မတကလင်တန်အစိုးရ၏ အိမ်ဖြူတော်တွင် တာဝန်ထမ်းဆောင်ကာ ကိုင်တွယ်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် အမေရိကန်သမ္မတ ကလင်တန်လက်မှတ်ရေးထိုးထုတ်ပြန်သည့် Executive Orders များစွာတို့နှင့် စပ်ဆိုင်သည့် အိမ်ဖြူတော်၏ မူဝါဒရေးဆွဲရေးဆိုင်ရာဌာနများကို ဦးဆောင်ခဲ့သူလည်း ဖြစ်ပါသည်။ ၎င်းနောက်ပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ သမ္မတနှင့်စပ်လျဉ်းသောရုံးဌာနများပါဝင်သည့်ကော်မတီသို့ ပြောင်းရွှေ့ခဲ့ကာ ကုလသမဂ္ဂ ပလာမိုစာချုပ်ဆိုင်ရာ အမေရိကန်ညှိနှိုင်းရေးအဖွဲ့ဝင်(လူကုန်ကူးမှုတိုက်ဖျက်ရေးမူဝါဒပိုင်းဆိုင်ရာကိုယ်စားလှယ်

အဖွဲ့၏အဆင့်မြင့်အရာရှိ) အဖြစ်လည်းကောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး စာချုပ်များ ရေးဆွဲရေး အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့ပြင် ဗီယင်နာရှိ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OSCE)၏ Stability Pact Task Force တွင် ဥရောပကောင်စီ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ဥရောပ အရှေ့တောင်ပိုင်းရှိ နိုင်ငံများမှ ဥပဒေများ၊ မူဝါဒများနှင့် အမျိုးသားလုပ်ငန်းစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေး စသည့် တာဝန်များကို အရာရှိချုပ်အဖြစ် ထမ်းဆောင်ခဲ့ပါသည်။

Mr. Warnath သည် လူကုန်ကူးမှုတိုက်ဖျက်ရေး အတွေ့အကြုံကောင်းများ စိစစ်သတ်မှတ်နိုင်မည့် သုတေသနနှင့် စိစစ်ပိုင်းခြားမှု အထူးပြုဆောင်ရွက်နေပြီး လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ မူဝါဒနှင့် သုတေသနစင်တာတစ်ခုဖြစ်သော NEXUS Institute (www.NEXUSInstitute.net)၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ ၎င်းသည် ၂၀၁၄ ခုနှစ်ကထုတ်ဝေသည့် လူကုန်ကူးမှု ဥပဒေနှင့်မူဝါဒဆိုင်ရာ Casebook စာအုပ်၏ တွဲဖက်စာရေးသူတစ်ဦးလည်း ဖြစ်ပါသည်။ Mr. Warnath သည် အစိုးရဌာနတွင် တာဝန် မထမ်းဆောင်မီက ဝါရှင်တန်ဒီစီရှိ တရားစွဲအဖွဲ့အစည်းတစ်ခုတွင် လုပ်ကိုင်ခဲ့ပါသည်။ Mr. Warnath သည် Harvard ဥပဒေကျောင်းနှင့် Brown တက္ကသိုလ်တို့မှ ဘွဲ့ရရှိခဲ့ပါသည်။

အသေးစိတ်သိရှိလိုသည်များရှိပါက အောက်ဖော်ပြပါ လိပ်စာတို့မှတစ်ဆင့် မိမိတို့ ထံသို့ ဆက်သွယ်နိုင်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။


The Warnath Group

1701 Pennsylvania Ave NW Suite 300

Washington, D.C. 200006

info@WarnathGroup.com

+1 202-720-6320

## THE WARNATH GROUP TEAM နှင့်သက်ဆိုင်သည့် အကြောင်းအရာ

---

**Mr. Stephen Warnath, J.D.** သည် The Warnath Group ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သည့်အပြင် တည်ထောင်သူလည်းဖြစ်ပါသည်။ ၎င်းသည် ခေတ်သစ်ကျွန်ပြုမှုပုံစံများ ဖျက်သိမ်းနိုင်မည့် မူဝါဒများ၊ ဥပဒေရေးရာ နှင့် လူမှုရေးရာ ပြုပြင်ပြောင်းလဲရေး စသည်တို့အား ၁၅ နှစ်ကျော် ကြိုးပမ်းလုပ်ကိုင်ခဲ့ပါသည်။ Mr. Warnath အနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းကိစ္စ၊ ဒုက္ခသည်များကိစ္စ၊ ပြည်သူ့အခွင့်အရေးကိစ္စနှင့် ခေါင်းပုံဖြတ်မှု ကိစ္စများ အပါအဝင် တရားစီရင်ရေး မူဝါဒဆိုင်ရာကိစ္စများကို သမ္မတကလင်တန်အစိုးရ၏ အိမ်ဖြူတော်တွင် တာဝန်ထမ်းဆောင်ကာ ကိုင်တွယ်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် သမ္မတ ကလင်တန် လက်မှတ်ရေးထိုးထုတ်ပြန်သည့် Executive Orders များစွာတို့နှင့်စပ်ဆိုင်သည့် အိမ်ဖြူတော်၏ မူဝါဒရေးဆွဲရေးဆိုင်ရာဌာနများကို ဦးဆောင်ခဲ့သူလည်း ဖြစ်ပါသည်။ ၎င်းနောက်ပိုင်းတွင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနရှိ သမ္မတနှင့်စပ်လျဉ်းသောရုံး ဌာနများပါဝင်သည့်ကော်မတီသို့ ပြောင်းရွှေ့ခဲ့ကာ ကုလသမဂ္ဂ ပလာမိုစာချုပ်ဆိုင်ရာ အမေရိကန်ညှိနှိုင်းရေးအဖွဲ့ဝင် (လူကုန်ကူးမှုတိုက်ဖျက်ရေး မူဝါဒပိုင်းဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့၏ အဆင့်မြင့်အရာရှိ) အဖြစ်လည်းကောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေး စာချုပ်များ ရေးဆွဲရေး အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့ပြင် အမေရိကန်လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ၊ ၂၀၀၀ ပြည့်နှစ် လူကုန်ကူးခံရသူများနှင့် အကြမ်းဖက်ခံရသူများ ကာကွယ်ပေးရေးဥပဒေ ရေးဆွဲရာတွင် အမှုဆောင်အဖွဲ့များတွင် ဦးဆောင်ခြင်းဖြင့်လည်းကောင်း၊ အဆိုပါဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ကွန်ဂရက်လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့ပြင် ဗီယင်နာရှိ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE)၏ Stability Pact Task Force တွင် ဥရောပကောင်စီ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ဥရောပအရှေ့တောင်ပိုင်းရှိနိုင်ငံများမှ ဥပဒေများ၊ မူဝါဒများနှင့် အမျိုးသားလုပ်ငန်းစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေး စသည့် တာဝန်များကို အရာရှိချုပ်အဖြစ် ထမ်းဆောင်ခဲ့ပါသည်။

Mr. Warnath သည် လူကုန်ကူးမှုတိုက်ဖျက်ရေး အတွေ့အကြုံကောင်းများ စိစစ်သတ်မှတ်နိုင်မည့် သုတေသနနှင့် စိစစ်ပိုင်းခြားမှု အထူးပြုဆောင်ရွက်နေပြီး လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ မူဝါဒနှင့် သုတေသနစင်တာတစ်ခုဖြစ်သော NEXUS Institute (www.NEXUSInstitute.net)၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌလည်း

ဖြစ်ပါသည်။ ၎င်းသည် ၂၀၁၄ ခုနှစ်ကထုတ်ဝေသည့် လူကုန်ကူးမှု ဥပဒေနှင့်မူဝါဒဆိုင်ရာ Casebook စာအုပ်၏ တွဲဖက်စာရေးသူတစ်ဦးလည်း ဖြစ်ပါသည်။ Mr. Warnath သည် အစိုးရဌာနတွင် တာဝန် မထမ်းဆောင်မီက ဝါရှင်တန်ဒီစီရှိ တရားစွဲအဖွဲ့အစည်းတစ်ခုတွင် လုပ်ကိုင်ခဲ့ပါသည်။ Mr. Warnath သည် Harvard ဥပဒေကျောင်းနှင့် Brown တက္ကသိုလ်တို့မှ ဘွဲ့ရရှိခဲ့ပါသည်။

**Ms. Sheila Berman, J.D.** သည် The Warnath Group ၏ ဥပဒေနှင့် မူဝါဒ ရေးရာ အကြီးတန်းအကြံပေးအဖြစ်လည်းကောင်း၊ NEXUS Institute ၏ အကြံပေး ဒါရိုက်တာ အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နေပြီး ကမ္ဘာလုံးဆိုင်ရာ လူကုန်ကူးမှု ကိစ္စရပ်များအား အဓိကထားဆောင်ရွက်ပါသည်။ Ms. Berman သည် နိုင်ငံတော်အဆင့် လူကုန်ကူးမှုဥပဒေရေးဆွဲခြင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများ၊ လူမှုရေးလုပ်ဆောင်သူများနှင့် ကမ္ဘာတစ်လွှားရှိ နိုင်ငံများစွာတို့မှ Stakeholders များကို သင်တန်းပေးခြင်း လုပ်ဆောင်ပါသည်။ Ms. Berman သည် အမေရိကန် တရားရေး ဝန်ကြီးဌာန၊ ပြည်သူ့အခွင့်အရေးဌာန၏ ပြစ်မှုရေးရာဌာနခွဲတွင် ပြည်ထောင်စုအဆင့် ဥပဒေအရာရှိ (Federal Prosecutor)တစ်ဦးအဖြစ် ၆ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ ပါသည်။ သူမသည် လူကုန်ကူးမှု၊ ရဲတပ်ဖွဲ့မှရက်စက်စွာကျူးလွန်မှု၊ အမုန်းတရားဖြင့် ကျူးလွန်မှု စသည်တို့အပါအဝင် မှုခင်းကိစ္စများကို စုံစမ်းစစ်ဆေး တရားစွဲတင်ခဲ့ပါသည်။ သူမသည် အမေရိကန် ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးအဖွဲ့၏ အလိုအရှိဆုံး ၁၀ ဦး စာရင်းတွင်လည်းကောင်း၊ အမေရိကန် Marshal Services ၏ အလိုအရှိဆုံး ၁၅ ဦး စာရင်းတွင်လည်းကောင်း တစ်ပြိုင်နက်တည်းဖော်ပြခြင်းခံရပြီး ပြစ်မှု ၅၁ မှုဖြင့် ပြစ်ဒဏ် ချမှတ်ခံရသူ U.S v. Clayton Waagner အမှုကို ၂၀၀၃ ခုနှစ်တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် သူမသည် အမေရိကန်တရားရေးဝန်ကြီးဌာနမှ ချီးမြှင့်သည့် ထူးချွန်ဆု (Special Commendation for Outstanding Service)ကို ၂၀၀၄ ခုနှစ်တွင် လက်ခံရရှိခဲ့ပါသည်။ သူမသည် ၂၀၀၆ ခုနှစ်တွင် ကိုယ်ပိုင်ဥပဒေလုပ်ငန်းတစ်ခု ထူထောင်ခဲ့ပြီး တရားမမှုများ လိုက်ပါဆောင်ရွက်ခဲ့ကာ အမှုကြီး ၆ မှုကို အောင်မြင် ခဲ့ပါသည်။ Ms. Berman သည် လူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စများကို အင်တိုက် အားတိုက် ဆောင်ရွက်နိုင်ရန်အလို့ငှာ ၂၀၁၂ ခုနှစ်တွင် မြို့တော် ဝါရှင်တန်ဒီစီသို့ ပြန်လာခဲ့ပါသည်။

**Ms. Jenny Stanger** သည် လူကုန်ကူးခံရသူများအား ဝန်ဆောင်မှုပေးရေး၊ တရားဥပဒေစိုးမိုးရေးနှင့် NGO များနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့်ကဏ္ဍတို့တွင် ကျွမ်းကျင်သင်တန်းမှူးတစ်ဦးအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေပါသည်။ သူမသည် လော့စ်အိန်ဂျလိစ်မြို့ရှိ ကျွန်ပြုမှုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းအဖွဲ့(CAST)၏ တွဲဖက်တည်ထောင်သူ နှင့် ဝန်ထမ်းတစ်ဦးဖြစ်သဖြင့် လူကုန်ကူးမှုနှင့် ကျွန်ပြုမှုအတွက် အကျိုးဆောင်ပေးခြင်းနှင့် အမှုစီမံခန့်ခွဲခြင်းတို့ကို ၁၉၉၈ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ပါသည်။ Ms. Jenny သည် မီဒီယာမှတစ်ဆင့် အသိပညာပေးခြင်း၊ ကွန်ဂရက်တွင် သက်သေခံအချက်အလက်များ ထွက်ဆိုတင်ပြခြင်း နှင့် မူဝါဒဆိုင်ရာ အသိပညာပေးခြင်းတို့မှတစ်ဆင့် ၂၀၀၀ ပြည့်နှစ် လူကုန်ကူးခံရသူများနှင့် အကြမ်းဖက်ခံရသူများ ကာကွယ်ပေးရေးဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် လှုပ်ရှားမှုကမ်ပိန်းများ လုပ်ဆောင်ခဲ့ပါသည်။ သူမသည် အမျိုးသားအကျိုးဆောင်ကွန်ယက်တစ်ခုဖြစ်သည့် Freedom Network USA ကို စတင်တည်ထောင်ရာတွင် ပါဝင်သည့် အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုရှိ မြို့ကြီး ၂၃ မြို့မှ အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများရှိ ဝန်ထမ်းထောင်ပေါင်းများစွာအတွက် တစ်နိုင်ငံလုံး လွှမ်းခြုံသည့် သင်တန်းနှင့် နည်းပညာအကူအညီအစီအစဥ်များ ကူညီပံ့ပိုးပေးနိုင်ရန် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် Freedom Network အား ညွှန်ကြားပေးခဲ့သူလည်းဖြစ်ပါသည်။ သူမသည် လူကုန်ကူးခံရသည့်/ကျွန်ပြုခံရသည့် အမျိုးသမီးများအတွက် ပထမဆုံး ဒုက္ခသည်စခန်းကို ၂၀၀၃ ခုနှစ်က ဖွင့်လှစ်ခဲ့ပါသည်။

Ms. Jenny သည် ၂၀၀၅ ခုနှစ်တွင် ဩစတြေးလျသို့ ပြောင်းရွှေ့သွားပြီး ဆစ်ဒနီမြို့ရှိ နည်းပညာတက္ကသိုလ်မှ ဥပဒေဌာနတွင် ကျွန်ပြုမှုတိုက်ဖျက်ရေးစီမံကိန်းအား တွဲဖက်တည်ထောင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် The Salvation Army စီမံကိန်းတစ်ခုမှတစ်ဆင့် လူကုန်ကူးခံရသည့်၊ ကျွန်ပြုခံရသည့်၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခံခဲ့ရသည့် အမျိုးသမီးများအတွက် ဖွင့်လှစ်ထားသည့် တစ်ခုတည်းသော စောင့်ရှောက်ရေးဂေဟာ၏ ကြီးကြပ်သူအရာရှိဖြစ်လာခဲ့သည်။ သူမသည် ယခုအခါ ဩစတြေးလျရှိ Freedom Partnership to End Modern Slavery နှင့် Salvation Army national initiative တို့တွင် နိုင်ငံအဆင့် ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်နေပါသည်။

The WARNATH GROUP

# လူကုန်ကူးမှု ဆိုသည်မှာ အဘယ်နည်း

## လူကုန်ကူးမှုများ၌ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုပုံစံအား အသုံးပြုခြင်း

မြန်မာနိုင်ငံ
ဩဂုတ်လ၊ ၂၀၁၅

ယခုအလုပ်ရုံဆွေးနွေးပွဲအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤနေရာ၌ဖော်ပြထားသော ထင်မြင်ချက်များ၊ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များသည် the Warnath Group နှင့်သာ သက်ဆိုင်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လုံးဝသက်ဆိုင်မှု မရှိပေ။

## လူကုန်ကူးမှုအား နိုင်ငံတကာဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုခြင်း
## လူကုန်ကူးမှုဆိုသည်မှာ -

. . . ခေါင်းပုံဖြတ်အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားသုံးခြင်း၊ လှည့်ဖြားခြင်း သို့မဟုတ် အခြားသော နည်းလမ်းများကိုအသုံးပြု၍ လူများအား သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ သို့မဟုတ် လက်ခံခြင်းဖြစ်သည်။ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းဟုဆိုရာတွင် အခြားသူများအား ပြည့်တန်ဆာပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် အဓမ္မဝန်ဆောင်မှုများ ပေးစေခြင်း၊ ကျွန်ပြုခြင်း သို့မဟုတ် ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း . . . သို့မဟုတ် ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းများ ထုတ်ယူခြင်း စသည်တို့ပါဝင်သည်။

**(Art. 3, UN Trafficking Protocol)**

## လူကုန်ကူးမှုနှင့်စပ်လျဉ်းသည့် ပြစ်မှုအင်္ဂါရပ်များ – Palermo နောက်ဆက်တွဲစာချုပ်

### ပြုမူလုပ်ဆောင်ချက်

- သိမ်းသွင်းစုဆောင်းခြင်း၊
- သယ်ယူပို့ဆောင်ခြင်း၊
- လွှဲပြောင်းခြင်း၊
- ခိုလှုံခွင့်ပေးခြင်း၊
- လက်ခံခြင်း။



## လူကုန်ကူးမှုနှင့်စပ်လျဉ်းသည့် ပြစ်မှုအင်္ဂါရပ်များ – Palermo နောက်ဆက်တွဲစာချုပ်

### ပြုမူလုပ်ဆောင်ချက်

- သိမ်းသွင်းစုဆောင်းခြင်း၊
- သယ်ယူပို့ဆောင်ခြင်း၊
- လွှဲပြောင်းခြင်း၊
- ခိုလှုံခွင့်ပေးခြင်း၊
- လက်ခံခြင်း။

### နည်းလမ်း

- ခြိမ်းခြောက်ခြင်း၊
- အင်အားသုံးခြင်း၊
- လှည့်ဖြားခြင်း၊
- အနိုင်အထက်ပြုခြင်း၊
- အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း။

## လူကုန်ကူးမှုနှင့်စပ်လျဉ်းသည့် ပြစ်မှုအင်္ဂါရပ်များ – Palermo နောက်ဆက်တွဲစာချုပ်

| ပြုမူလုပ်ဆောင်ချက် | နည်းလမ်း | ရည်ရွယ်ချက်/ ခေါင်းပုံဖြတ်ခြင်း |
|---|---|---|
| • သိမ်းသွင်းစုဆောင်းခြင်း၊<br>• သယ်ယူပို့ဆောင်ခြင်း၊<br>• လွှဲပြောင်းခြင်း၊<br>• ခိုလှုံခွင့်ပေးခြင်း၊<br>• လက်ခံခြင်း။ | • ခြိမ်းခြောက်ခြင်း၊<br>• အင်အားသုံးခြင်း၊<br>• လှည့်ဖြားခြင်း၊<br>• အနိုင်အထက်ပြုခြင်း၊<br>• အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ | • လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊<br>• အစေခံအလုပ်ခိုင်းစေခြင်း သို့မဟုတ် အစေခံ ဝန်ဆောင်မှုများ ပေးစေခြင်း၊<br>• ကျွန်ပြုခြင်း<br>• ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း<br>• ခန္ဓာကိုယ်၏ အင်္ဂါအစိတ် အပိုင်းများ ထုတ်ယူခြင်း<br>• စသည်ဖြင့် |



## လူကုန်ကူးမှုနှင့်စပ်လျဉ်းသည့် ပြစ်မှုအင်္ဂါရပ်များ – Palermo နောက်ဆက်တွဲစာချုပ်

| ပြုမူလုပ်ဆောင်ချက် | နည်းလမ်း | ရည်ရွယ်ချက်/ ခေါင်းပုံဖြတ်ခြင်း |
|---|---|---|
| • သိမ်းသွင်းစုဆောင်းခြင်း၊<br>• သယ်ယူပို့ဆောင်ခြင်း၊<br>• လွှဲပြောင်းခြင်း၊<br>• ခိုလှုံခွင့်ပေးခြင်း၊<br>• လက်ခံခြင်း။ | • ခြိမ်းခြောက်ခြင်း၊<br>• အင်အားသုံးခြင်း၊<br>• လှည့်ဖြားခြင်း၊<br>• အနိုင်အထက်ပြုခြင်း၊<br>• အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ | • လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊<br>• အစေခံအလုပ်ခိုင်းစေခြင်း သို့မဟုတ် အစေခံ ဝန်ဆောင်မှုများ ပေးစေခြင်း၊<br>• ကျွန်ပြုခြင်း<br>• ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း<br>• ခန္ဓာကိုယ်၏ အင်္ဂါအစိတ် အပိုင်းများ ထုတ်ယူခြင်း<br>• စသည်ဖြင့် |

## ကလေးသူငယ်များ၏ အထူးအခြေအနေ

**အပြုအမူ + ခေါင်းပုံဖြတ်မှု = လူကုန်ကူးမှု**

*UN Trafficking Protocol*



## ဥရောပကောင်စီ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း

- **နိဒါန်း**

လူကုန်ကူးမှုအား လူ့အခွင့်အရေးကိုဖောက်ဖျက်ကျူးလွန်မှုသာမက လူသားတို့၏ဂုဏ်သိက္ခာနှင့် ဖြောင့်မတ်တည်ကြည်မှုတို့ကိုပါ ကျူးလွန်သည့်ပြစ်မှုတစ်ရပ်တွင် ပါဝင်ကြောင်း ယူဆထားခြင်း။

- **ရည်ရွယ်ချက်၊ အခန်း ၁ (ခ)**

ကျား/မ သာတူညီမမှုကိုအာမခံပြီး လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ လူကုန်ကူးခံရသူများနှင့် သက်သေများအား ကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် အကူအညီပေးနိုင်ရေး အတွက် ပြည့်စုံကျယ်ပြန့်သည့် မူဘောင်တစ်ခု ရေးဆွဲရန် နှင့် ထိရောက်သည့် စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း တို့သေချာစွာဆောင်ရွက်ရန်။

## အခန်း ၃ - လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို ကာကွယ် မြှင့်တင်ရန်အတွက် အရေးယူဆောင်ရွက်မှု

- အပိုဒ် ၁၀ – လူကုန်ကူးခံရသူများကို စိစစ်ခွဲခြားဖော်ထုတ်ခြင်း
- အပိုဒ် ၁၁ – ကိုယ်ရေးကိုယ်တာ ဘဝနေထိုင်မှုကို ကာကွယ်စောင့်ရှောက်ခြင်း
- အပိုဒ် ၁၂ – လူကုန်ကူးခံရသူများအား အကူအညီပေးခြင်း
- အပိုဒ် ၁၃ – ပြန်လည်ထူထောင်ရေးနှင့် သုံးသပ်သည့်ကာလ
- အပိုဒ် ၁၄ – နေထိုင်ခွင့်ပါမစ်
- အပိုဒ် ၁၅ – လျော်ကြေးနှင့် ဥပဒေအရ တရားမျှတစေခြင်း
- အပိုဒ် ၁၆ – လူကုန်ကူးခံရသူအား ပြန်လည်လွှဲပြောင်းပေးခြင်းနှင့် နေရပ်ပြန်ခြင်း
- အပိုဒ် ၁၇ – ကျား/မ သာတူညီမျှ ရှိခြင်း



## လူမှောင်ခိုမှု ဆိုသည်မှာ -

. . . ငွေကြေး သို့မဟုတ် အခြားအကျိုးအမြတ်တစ်စုံတစ်ရာအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ရရှိရန် ရည်ရွယ်ကာ တစ်စုံတစ်ဦးအား ၎င်း နိုင်ငံသား သို့မဟုတ် အမြဲတမ်းနေထိုင်သူ မဟုတ်သည့် နိုင်ငံတစ်ခု အတွင်းသို့ တရားမဝင် ဝင်ရောက်နိုင်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

*(Art. 3, UN Migrant Smuggling Protocol)*


# လူမှောင်ခိုမှုနှင့်စပ်လျဥ်းသည့် ပြစ်မှုအင်္ဂါရပ်များ

- လူတစ်ဦးတစ်ယောက်အား အကူအညီပေးခြင်း။
- နိုင်ငံတကာနယ်စပ်တစ်ခုကို ဖြတ်ကျော်ရန်။
- ထိုသို နယ်စပ်ဖြတ်ကျော်ခြင်းသည် တရားမဝင်ဖြစ်ရမည်။
- လူမှောင်ခိုသူ၏ ရည်ရွယ်ချက်သည် ရွှေ့ပြောင်းသွားလာသူအား နယ်စပ်ဖြတ်ကျော်ပေးခြင်းအားဖြင့် အကျိုးအမြတ်ရယူရန် ဖြစ်သည်။




# နှိုင်းယှဥ်ခြင်း နှင့် ဆန့်ကျင်ကွဲလွဲချက်

## လူမှောင်ခိုမှု (MS) နှင့် လူကုန်ကူးမှု(TIP)




LLC 2014 အရ The Warnath Group၏ မူပိုင်ဖြစ်သည်။ သို့ဖြစ်ရာ တဖြင့်ခွင့်ပြုချက်မရရှိပါက ဤ presentation ၏ မည်သည့်အပိုင်းကိုမ ပြန်လည်ကူးယူခြင်း၊ မူပွားခြင်း ပြုနိုင်မည်မဟုတ်ပါ။ 



THE REPUBLIC OF THE UNION OF

MYANMAR

**TIP Legislation and related Criminal Offences**

Ms. Khin Cho Ohn
Deputy Director General
Union Attorney General's Office
The Republic of the Union of Myanmar

## TIP related International Conventions

| | | |
|---|---|---|
| • UNCTOC and its protocols in | | 30-3-2004 |
| • ILO Convention(29) | ⟹ | 4-3-1955 |
| • CRC | ⟹ | 15-8- 1991 |
| • CEDAW | ⟹ | 22-7-1997 |
| • UNCAC | ⟹ | 20-12-2012 |

## The Anti -Trafficking in Persons Law

- Enacted in 2005 (SPDC Law No.5/2005)
- To prevent , and suppress the trafficking in persons as a national duty
- In preventing and suppressing trafficking in persons to pay particular attention to women, children and youth
- To prevent further trafficking in persons by passing effective and deterrent punishment
- To liaise and coordinate with international organizations, regional organizations
- To protect trafficked persons

## Trafficking in Persons as a Criminal Offence; Section 3 (a)

**Purpose**

- **exploitation** of a person
- with or without his or her **consent**

**Action**

- recruitment
- transportation
- transfer
- sale
- purchase
- lending
- hiring
- harboring
- receipt of persons

**Means that are used**

- (1) threat, use of force or other form of coercion
- (2)abduction
- (3)fraud
- (4)deception
- (5)abuse of power or of position taking advantage of the vulnerability of a person
- (6)giving or receiving of money or benefit to obtain the consent of the person having control over another person

## Exploitation

- Prostitution
- Other forms of sexual exploitation
- Forced labour
- Forced services
- Slavery
- Debt-bondage
- Servitude
- Removal and sale of body organs

Through any means out of the said 8 means

Receipt money / benefit

(or)

Agreement for receipt of money / benefit

## Other Related Laws

- Penal Code (1861)
- Immigration (Emergency Provisions ) Act (1947)
- Suppression of Prostitution Act (1949)
- The Child Law (1993)
- Overseas Employment Law (1999)
- Blood and Blood Products Law (2003)
- The Mutual Assistance in Criminal Matters Law (2004)
- The Body Organ Donation Law (2004)
- Anti Corruption Law (2013)
- Anti Money Laundering Law (2014)

## Elements of Proof that need to be established

- There is no provision in TIP Law
- Burden of Proof under the Evidence Act
- Statement of victim is very important in TIP cases
- Circumstantial Evidence, relevant documents

## Conspiracy, Attempt and Aid and Abet the Commission of TIP Penalties

**Section 32**

To Prepare, Attempt, Conspiracy, Organization, Administration,

During…Abetment, Providing Financial Assistance

Prescribed Punishment

## Compensation and or restitution of TIP

- **Section 33** :Confiscation, Disposal, of Property Involved in Offence. ………It may pass an order to pay damages to the trafficked victim from the money confiscated or from the proceeds of sale of property or from the fine.
- **Section 19(d)** : provides the right to civil remedy victims of trafficking, hiring lawyer, requesting LO if a necessary in a civil suit and assisting in hearing with interpreter.

## Qualifying offence for Extradition and MLA

**Extradition**

- The Extradition Act (1904) still exists but does not apply in practice
- Drafting a special law on Extradition Law with the inclusion of international legal provision and International Standards
- Requests for extradition are processing on case-by-case basic now through diplomatic channel.

**The Mutual Assistance in Criminal Matters Law (2004)**

- Assistance may be provided in relation to an offence of Trafficking in Persons, as it is an offence punished by more than one year.{ Section 3(a)}
- Based on dual criminality

## Extra- territorial Provisions

- Trafficking crimes are **transnational** in nature - *prepare in one country's jurisdiction and commit in the other's jurisdiction*
- TIP Law has jurisdiction on **any person** who commits any offence cognizable under TIP Law in the Union of Myanmar, or on board a vessel or an aircraft registered under the existing law of the Union of Myanmar citizen oron a Myanmar citizen or foreigner residing permanently in the Union of Myanmar who commits the said offence outside the country (**Section 2**)

## Predicate offence for financial investigation and assets confiscation

- Under anti Money Laundering Law (2014)

- Order No.24/2015 of the Union Government
  - ✓ Money Laundering Offence:
  - ✓ ( Trafficking and Smuggling )

- Chapter 5 of MLA Law:
  search, seizure, control, issuing restraining order and confiscation of exhibits

## Related to Organized Crime

- **Serious Crime;** offence punishable with imprisonment for a term of four years or more

- **Organized Criminal Group;** structured group of three or more persons, for a certain period with the aim of committing a serious crime in order to obtain directly or indirectly a benefit relating to money or material

## cont:

- **S.28(a)**-commiting with S.24 with organized criminal group
  - ❖ 20< Imprisonment for life also fine
- **S. 28(b)**- commiting with S. 25,26,27 with organized criminal group
  - ❖ 10 < Imprisonment for life also fine
- **S. 28(c)**- member of an organized criminal group
  - ❖ The same as **28(a), 28(b)**
- **S. 29**- serious crime in TIP
  - ❖ 10 < Imprisonment for life or death

## Major Challenges to Successful Prosecution

- Absconding the main accused in another country
- No repatriation of the trafficked victims from another state
- According to legal system, there is no prior consultation with victim or witness and Prosecutor

## Conclusion

- It is unable to combat the crime solely effort of one country

- The only way to combat the crime effectively is combating the crime by joining the hands with the international community through the cooperative measures

- Capacity building
  - ✓ Enhance the knowledge and skill of law enforcement agencies
  - ✓ Fulfill technical assistance

---

**Thank You**

## အုပ်စုဖွဲ့သင်ခန်းစာ - လူကုန်ကူးခံရမှုဖြစ်စဥ်များအား လေ့လာသုံးသပ်ခြင်း

အောက်ဖော်ပြပါ အမှုဖြစ်စဥ်များနှင့်စပ်လျဥ်းသည့် အချက်အလက်များ(facts)အား အဆွေတော်တို့ထံသို့ တင်ပြထားပါသည်။ အဆွေတော်တို့အနေဖြင့် ယင်းအမှုဖြစ်စဥ်များအား လူကုန်ကူးမှုဖြင့် တရားစွဲဆိုခြင်း (စွဲချက်တင်ခြင်း) ပြု/မပြု ဥပဒေအကြံပေးရန် လိုအပ်နေပါသည်။ အမှုဖြစ်စဥ်အသီးသီးအတွက် အောက်တွင်ဖော်ပြထားသည့် မေးခွန်းများကို ကျေးဇူးပြု၍ ဖြေကြားပေးစေလိုပါသည် -

- ဖြစ်နိုင်ခြေရှိတဲ့ တရားပြိုင်တွေက ဘယ်သူတွေလဲ?

  Who are the possible defendants?

- အဆွေတော်အနေဖြင့် အဆိုပါဖြစ်စဥ်များမှ တရားပြိုင်အသီးသီးအတွက် ၎င်းတို့ ကျူးလွန်ကြောင်း သက်သေတင်ပြမယ့် အပြုအမူ ၊ နည်းလမ်းများ၊ ရည်ရွယ်ချက် စတဲ့ ပြစ်မှုအင်္ဂါရပ်တွေက ဘာတွေလဲ။

  What are the act, means and purpose you will prove for each defendant?

- ပြစ်မှုအင်္ဂါရပ်တွေ(အပြုအမူ၊ နည်းလမ်းများနှင့် ရည်ရွယ်ချက် စသည်တို့)ကို အဆွေတော် ဘယ်လိုသက်သေပြမလဲ။

  How will you prove the act, means and purpose?

## ဖြစ်စဉ်များ

၁။ သမီး ၄ ဦးရှိသည့် လယ်သမားမိသားစု တစ်ခုသည် ယခုနှစ်အတွင်း စီးပွားရေးအခြေအနေ ဆိုးရွားခဲ့သဖြင့် မြ ဟု ခေါ်သည့် အသက် ၁၈ နှစ်အရွယ်ရှိ သမီးအကြီးဆုံးအား လက်ထပ်ပေးရန် ဆုံးဖြတ်ခဲ့ရချိန် ဖြစ်သည်။ ငွေကြေးလွန်စွာချမ်းသာသော အမျိုးသားများ အမြောက်အမြားရှိသည့် တရုတ်နိုင်ငံမှ ရွာတစ်ရွာတွင် ၎င်းတို့ လက်ထပ်ထိမ်းမြားနိုင်မည့် မိန်းမများ ရှာဖွေနေသည်ကို ကြားသိခဲ့ရကြောင်း၊ သို့ဖြစ်ရာ မြ အနေဖြင့် သူမအတွက် ခင်ပွန်းတစ်ဦးဦးကို ရှာဖွေနိုင်မည် ဖြစ်ကြောင်း ဒေသခံတစ်ဦးဖြစ်သည့် နန်းလောင်လောင်ဆိုသူ အမျိုးသမီးက မြ၏ မိဘများအား ပြောပြခဲ့သည်။ နန်းလောင်လောင်သည် တရုတ်နိုင်ငံတွင်းရှိ အဆိုပါရွာမှ လူတစ်ဦးနှင့်ချိတ်ဆက်မိခဲ့ပြီး Ling ဟု အမည်ရှိသည့် အမျိုးသားတစ်ဦးနှင့် သွားရောက်တွေ့ဆုံနိုင်ရန် မြအား စီစဉ်ပေးခဲ့သည်။ Ling က နန်းလောင်လောင်ထံသို့ ငွေပို့ပေးခဲ့ပြီး ငွေအချို့မှာ မြနှင့်တွေ့ဆုံနိုင်ရေး ချိတ်ဆက်ကူညီပေးခဲ့သည့် နန်းလောင်လောင်အတွက်လည်းကောင်း၊ ငွေအချို့အား မြ၏မိဘနှစ်ပါးကို လေးစားသည့်အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ကျန်သည့်ငွေများမှာ မြအတွက် ခရီးစရိတ်အဖြစ်လည်းကောင်း ပေးအပ်ခြင်းဖြစ်ကြောင်း Ling ကဆိုသည်။ တရုတ်နိုင်ငံသို့ မြရောက်ရှိပြီး နှစ်ပတ်အကြာ မြနှင့် Ling တို့ လက်ထပ်ထိမ်းမြားခဲ့ကြသည်။ မြသည် ကိုယ်ဝန်ရရှိခဲ့ပြီး ကလေး မမွေးဖွားရသေးခင် သူမ၏မိဘများထံသို့ အလည်အပတ် ပြန်လာခဲ့သည်။ ထိုစဉ် မြတို့နေထိုင်သည့် မြို့နယ်မှ အိမ်နီးချင်းတစ်ဦးက မြသည် လူကုန်ကူးခံရသူတစ်ဦးဖြစ်နိုင်ကြောင်း ရဲထံသို့ ဆက်သွယ်သတင်းပို့ တိုင်ကြားခဲ့သည်။

၂။ ငယ်ရွယ်သူ ရှမ်းအမျိုးသမီးတစ်ဦးဖြစ်သည့် နန်းမိုသည် ဆရာမတစ်ဦး ဖြစ်ချင်သော်လည်း တက္ကသိုလ်တက်ရန် ငွေကြေး လုံလောက်စွာမရှိချေ။ သို့ဖြစ်ရာ နန်းမိုသည် ငွေရှာရနိုင်မည့် နည်းလမ်းများကို စတင်ရှာဖွေခဲ့သည်။ တစ်နေ့တွင် စိုင်းခေးအမည်ရှိ အမျိုးသားတစ်ဦး သူမထံသို့ ချဉ်းကပ်လာပြီး နန်းမို၏ကျောင်းစရိတ်ရရှိနိုင်ရန်အတွက် ကူညီနိုင်ပါကြောင်း ၎င်းကဆိုသည်။ စိုင်းခေးက မလေးရှားနိုင်ငံတွင် မြန်မာကလေးများအား သင်္ချာဘာသာရပ် သင်ကြားပေးရမည့် အလုပ်တစ်ခုရှိကြောင်း၊ အဆိုပါအလုပ် ရရှိနိုင်ရန် အမျိုးသားတစ်ဦးနှင့် ဆက်သွယ်ပေးမည် ဖြစ်ကြောင်းဆိုသည်။ ထိုသို့ဆက်သွယ်ဆောင်ရွက်ပေးသဖြင့် နန်းမိုက စိုင်းခေးအား မြန်မာကျပ်ငွေ ၇၅,၀၀၀ ပေးခဲ့သည်။ ၎င်းနောက် မလေးရှားနိုင်ငံရှိ Lee Hup Zee ဆိုသူအမျိုးသားတစ်ဦးက သူမထံသို့ စာချုပ်တစ်စောင်ပေးပို့ခဲ့ရာ တစ်ရက်လျှင် အလုပ်ချိန် ၈-၁၀ နာရီ၊ တစ်ပတ်လျှင် ၅ ရက် နှုန်းဖြင့် ၁ နှစ် စာသင်ကြားပေးပါက တစ်လလျှင် လစာငွေ ၁၂၅,၀၀၀ ကျပ် ရရှိမည် ဖြစ်ကြောင်း စာချုပ်တွင် ဖော်ပြထားသည်။ ထို့ပြင် မြန်မာနိုင်ငံမှ ထွက်ခွာရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ပြန်လာရာတွင်လည်းကောင်း ကုန်ကျမည့် ခရီးစရိတ်များအား နန်းမို၏လစာများ ထဲမှ လစဉ်ဖြတ်တောက်သွားမည်ဖြစ်ကြောင်းလည်း စာချုပ်တွင် ဖော်ပြထားပါသည်။ သို့ရာတွင်

မလေးရှားနိုင်ငံသို့ နန်းမိုရောက်ရှိသည့်အခါ Lee Hup Zee က ၎င်းတို့ မလေးရှားနိုင်ငံ၌ စာသင်ကြားပေးရမည့် အလုပ်မရှိကြောင်း၊ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရန်သာ ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက သူမအတွက်ကျခံထားရသည့် ခရီးစရိတ်များအား ချက်ချင်းပြန်ပေးရမည်ဖြစ်ကြောင်း ဆိုသည်။ အကယ်၍ နန်းမိုအနေဖြင့် Lee Hup Zee ပြောသည့်အလုပ်မလုပ်ခဲ့ပါက (သို့မဟုတ်) Lee Hup Zee ကျခံထားသည့် စရိတ်များအား ပြန်ပေးခြင်းမရှိပါက ၎င်းအနေဖြင့် မလေးရှားရဲကိုခေါ်ကာ ဖြေရှင်းခိုင်းမည်ဖြစ်သဖြင့် ရဲဖမ်းခံရနိုင်ကြောင်း ဆိုသည်။

၃။ စိုးစိုးနွေသည် အလုပ်တစ်ခုရရှိရေး မျှော်လင့်ချက်များစွာဖြင့် ကျောက်စိမ်းတူးဖော်သည့်မိုင်းတွင်းတစ်ခုသို့ လာခဲ့သည်။ ၎င်းအား ကာယလုပ်သားအဖြစ် အလုပ်လုပ်ကိုင်ရန် တရုတ်မိုင်းကုမ္ပဏီတစ်ခုက ငှားရမ်းခဲ့သည်။ ၎င်းအတွက် အိပ်စရာနေရာတစ်ခုနှင့် စားစရာတို့ကို ကုမ္ပဏီ က ပေးပြီး ၃ လ လုပ်ကိုင်ပြီးပါက လစာပေးမည်ဟု ပြောသည်။ စိုးစိုးနွေ၏ သူငယ်ချင်းတစ်ဦးသည် ၂ လ လုပ်ကိုင်ပြီးနောက် လစာငွေတောင်းခံခဲ့သဖြင့် မန်နေဂျာနှင့် စကားများခဲ့သည်။ မန်နေဂျာနှင့် အခြားအမျိုးသားနှစ်ဦးက စိုးစိုးနွေ၏သူငယ်ချင်းအား ထိုးကြိတ်ခဲ့ကြသည်။ သူငယ်ချင်းဖြစ်သူမှာ လက်တစ်ဖက်ကျိုးခြင်း၊ နံရိုးအများအပြားကျိုးခြင်းနှင့် နားအူခြင်း စသည့် ဝေဒနာခံစားခဲ့ရသဖြင့် စိုးစိုးနွေက ၎င်း၏သူငယ်ချင်းအား ကူညီပြုစုစောင့်ရှောက်ပေးခဲ့သည်။ မန်နေဂျာက အလုပ်သမားအားလုံးအနေဖြင့် ၎င်းပြောသည့်အတိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက အလားတူ ရိုက်နှက်ခံရမည်ဖြစ်ကြောင်း ဆိုသည်။ ထို့ပြင် သုံးလမပြည့်မီ အလုပ်မှထွက်သွားပါက မည်သည့်အခကြေးငွေမျှ ရရှိမည်မဟုတ်ကြောင်းလည်း ပြောသည်။

၄။ အောင်သော်သည် ရန်ကုန်မြို့တွင် အသေးစားကုန်ထုတ်စက်ရုံတစ်ခုကို ပိုင်ဆိုင်သည်။ အောင်သော်သည် ကျေးလက်ဒေသမှ အမျိုးသားနှင့် အမျိုးသမီး ၂၀ ဦးအား ၎င်းထံတွင် အလုပ်လုပ်ကိုင်ရန် စုဆောင်းထားသည်။ အဆိုပါအလုပ်သမားများသည် စက်ရုံခေါင်မိုးပေါ်တွင် တည်ဆောက်ထားသည့် သေးငယ်သော အဆောက်အဦတစ်ခုအတွင်းမှ ခေါက်ခုတင်များပေါ်တွင် အိပ်ကြရသည်။ ခေါင်မိုးပေါ်ရှိ အဆိုပါအဆောက်အဦတွင် ရေ၊ မီး မရရှိချေ။ အလုပ်သမားများသည် တစ်ရက်လျှင် ထမင်းနှစ်ကြိမ်စားရပြီး မန်နေဂျာနှစ်ဦးအနက် ရန်ကုန်မှ မန်နေဂျာက အဆိုပါစားစရာများကို စက်ရုံထဲသို့ ယူဆောင်လာခြင်း ဖြစ်သည်။ မန်နေဂျာများသည် အဆိုပါစက်ရုံတွင် ညအိပ်ခြင်းမရှိချေ။ အလုပ်သမားများက အိမ်သို့ ပြန်ချင်သော်လည်း လစာလုံးဝမရကြသဖြင့် အိမ်သို့ပြန်၍မရကြောင်း သင့်ကို ပြောပြကြသည်။

The WARNATH GROUP

# လူကုန်ကူးခံရသူ ဗဟိုပြု ချဉ်းကပ်ဆောင်ရွက်မှုကို အဘယ်ကြောင့် အသုံးပြုသနည်း။

## လူကုန်ကူးမှုများ၌ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုကို အသုံးပြုခြင်း (ဥပဒေအရာရှိများအတွက်)

မြန်မာ
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

ယခုအလုပ်ရုံဆွေးနွေးပွဲအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤနေရာ၌ဖော်ပြထားသော ထင်မြင်ချက်များ၊ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များသည် the Warnath Group နှင့်သာ သက်ဆိုင်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လုံးဝသက်ဆိုင်မှု မရှိပေ။

## လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်း ဆိုသည်မှာ အဘယ်နည်း။

ဘေးအန္တရာယ် ထိခိုက်ခံရမှုမှ ကာကွယ်ပေးရန်နှင့် ဘေးအန္တရာယ် ထပ်မံမကျရောက်စေရန်

## “ဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်း” ဆိုတာ ဘာလဲ။

- လူကုန်ကူးခံရသူအား ဘေးအန္တရာယ်မှကာကွယ်ပေးနိုင်ရန်အတွက် သင်ဘာလုပ်ပေးနိုင်မလဲ။
- လူကုန်ကူးခံရသူအား ကူညီပေးနိုင်ရန်အတွက် သင်ဘာလုပ်ပေးနိုင်မလဲ။
- လူကုန်ကူးခံရသူအတွက် ဆောင်ရွက်ပေးနိုင်ရန် အခြားသူများအား သင်ဘာတွေ မေးမြန်းအကူအညီတောင်းခံနိုင်မလဲ။



## “လူကုန်ကူးခံရသူ ဗဟိုပြုခြင်း” ဆိုတာ ဘာလဲ။

- လူကုန်ကူးခံရသူများအား ရှာဖွေစိစစ်သတ်မှတ်ခြင်း၊
- လူကုန်ကူးခံရသူများအား တရားစွဲဆိုမှု သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းမှု မပြုလုပ်ခြင်း၊
- လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် ရှာပေးခြင်း၊
- လူကုန်ကူးခံရသူများအတွက် ကာကွယ်ပေးခြင်းနှင့် အထောက်အပံ့ပေးခြင်း၊

## ကာကွယ်ပေးခြင်းနှင့် အထောက်အပံ့ပေးခြင်း

- လူကုန်ကူးခံရသူများအား ဝန်ဆောင်မှုများပေးရာတွင် ကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ကူညီပေးခြင်း၊
- လူကုန်ကူးခံရသူများ၏ လိုအပ်မှုများမှာ အမှုတစ်ခုနှင့်တစ်ခု မတူဘဲ ပြောင်းလဲနိုင်သည်။
- လူကုန်ကူးခံရသူများအနေဖြင့် ၎င်းတို့လိုအပ်သည့် ဝန်ဆောင်မှုများအား သင့်ထံသို့ မကြာခဏ ပြောပြလာနိုင်သည်။
- လူကုန်ကူးခံရသူများ အနေဖြင့် မည်သည့်အရာများ လိုအပ်လိမ့်မည်ဆိုသည်ကို ၎င်းတို့၏နေရာမှဝင်၍ စဉ်းစားပေးသည်။



## ဖြစ်နိုင်ခြေရှိတဲ့ ချက်ချင်းလိုအပ်မယ့် အရာတွေက ဘာတွေလဲ။

- အကာအကွယ်ပေးခြင်း
- ဆေးဝါးကုသပေးခြင်း
- အစားအစာ ထောက်ပံ့ခြင်း
- အဝတ်အစား ထောက်ပံ့ခြင်း
- အိပ်စရာနေရာပေးခြင်း
- ပြန်လည်ကောင်းမွန်ရန်/ပြင်ဆင်ရန် အချိန်ပေးခြင်း
- မိသားစုနှင့် ဆက်သွယ်ပေးခြင်း
- ပြစ်မှုတရားစီရင်ရေးစနစ်ဆိုင်ရာ သတင်းအချက်အလက်များ ပေးခြင်း

## ဖြစ်နိုင်ခြေရှိတဲ့ ရေရှည်လိုအပ်မယ့်အရာတွေက ဘာတွေလဲ။

- ကာကွယ်ပေးခြင်း၊
- ဆေးဝါးကုသပေးခြင်း၊ (ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာ)
- အစားအစာပေးခြင်းနှင့် စောင့်ရှောက်ရေးဂေဟာတွင် နေစရာပေးခြင်း၊
- အလုပ်အကိုင်/ဝင်ငွေရလမ်း အရင်းအမြစ်ပေးခြင်း၊
- သယ်ယူပို့ဆောင်ပေးခြင်း/ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊
- ပညာသင်ကြားပေးခြင်း/အသက်မွေးဝမ်းကြောင်းသင်တန်းပေးခြင်း၊
- ပြစ်မှုတရားစီရင်ရေးစနစ် / တရားမမှု တရားရုံးတွင်လည်း တရားစွဲတင်နိုင်မည့် သတင်းအချက်အလက်များ ပေးခြင်း၊



## ဖြစ်နိုင်ခြေရှိတဲ့ ကြောက်ရွံ့ထိတ်လန့်မှုတွေက ဘာတွေလဲ။

- ကိုယ်ခန္ဓာ/ရုပ်ပိုင်းဆိုင်ရာထိခိုက်နစ်နာခြင်း(ကိုယ်တိုင်၊ မိသားစု၊ သူငယ်ချင်းများ)
- ငွေကြေးဆိုင်ရာထိခိုက်နစ်နာခြင်း၊
- စိတခံစားမှုဆိုင်ရာ ထိခိုက်နစ်နာခြင်း၊
- ပြစ်မကျူးလွန်မှုအတွက် တရားစွဲဆိုခံရခြင်း၊
- လူမှုအသိုက်အဝန်းအတွင်းမှ ပစ်ပယ်ခံရခြင်း၊
- Privacy မရှိခြင်း၊

## ဖြစ်နိုင်ခြေရှိတဲ့ နှစ်သက်လိုလားမှု / ဦးစားပေးစေလိုမှုတွေက ဘာတွေလဲ ။

- နာမည် လျှို့ဝှက်ထားခြင်း သို့မဟုတ် (သတိပေးခြင်း) အခြားသူများအတွက် ဥပမာပေးခြင်း၊
- ပြန်လည်ပေါင်းစည်းခြင်း သို့မဟုတ် အခွင့်အလမ်းအသစ်ရရှိခြင်း၊
- တရားမျှမှုရှိခြင်း သို့မဟုတ် အတိတ်အကြောင်းအရာများနှင့် မပတ်သက်လိုတော့ခြင်း၊
- ထိခိုက်နစ်နာမှုအတွက်လျော်ကြေးပေးခြင်း သို့မဟုတ် အတိတ်အကြောင်းအရာများနှင့် မပတ်သက်လိုတော့ခြင်း၊



## မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ

- သင်အမြဲကြုံတွေ့ရသည့် လူကုန်ကူးခံရသူများ၏ အချို့သော လိုအပ်ချက်တွေက ဘာတွေလဲ။
- သင်တိုက်ရိုက်ဖြေရှင်းအကူအညီပေးနိုင်တဲ့ ကိစ္စတွေက ဘာတွေလဲ။
- အခြားဝန်ဆောင်မှုတွေ/အကူအညီတွေကို ဘယ်သူတွေက ထောက်ပံ့ကူညီဆောင်ရွက်ပေးနိုင်သလဲ။
- အဆိုပါဝန်ဆောင်မှုတွေ/အကူအညီတွေ လက်တွေ့ရရှိနိုင်အောင် သင်ဘယ်လို ကူညီပေးနိုင်မလဲ။
- သင့်တာဝန်ဖြစ်တဲ့ တရားစွဲဆိုနိုင်ရေးနဲ့ လူကုန်ကူးခံရသူရဲ့ လိုအပချက်တွေအကြား သင်ဘယ်လို ထိန်းညှိဆောင်ရွက်နိုင်မလဲ။

## လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုကြောင့် ရရှိလာမယ့် အကျိုးအမြတ်တွေက ဘာတွေလဲ။

နိုင်ငံတကာအတွေ့အကြုံကောင်းများ ရရှိနိုင်ခြင်း၊
မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခြင်း၊
ပိုမိုခိုင်မာကောင်းမွန်သည့်အမှုတစ်ခု တည်ဆောက်နိုင်ခြင်း၊

- လူကုန်ကူးခံရသူနှင့် ပိုမိုကောင်းမွန်သည့် ဆက်သွယ်ဆက်ဆံမှုတစ်ရပ် တည်ထောင်နိုင်မည်။
- လူကုန်ကူးခံရသူထံသို့ ပိုမိုကောင်းမွန်သည့် သတင်းအချက်အလက်များ ပေးအပ်နိုင်ခြင်းဖြင့်  ၎င်းအနေဖြင့် တရားရုံးရှေ့ ထွက်ဆိုရာ၌ ပိုမို အဆင်ပြေနိုင်ပြီး ယုံကြည်မှု ပိုမိုရရှိစေနိုင်မည်။
- တရားရုံးရှေ့ထွက်ဆိုချက်သည် လူကုန်ကူးခံရသူအား စိတ်သောကဒဏ်ရာ မဖြစ်စေနိုင်ပါ။
- လူကုန်ကူးခံရသူအနေဖြင့် တရားစွဲတင်သည့်အချိန်၌ မည်သည့်နေရာတွင် မည်သူတို့ ရှိနေမည်ကို သိရှိနိုင်မည်ဖြစ်ပါသည်။

Copyright © The Warnath Group, LLC 2015 All Rights Reserved. No part of this presentation may be reproduced without written permission.

The WARNATH GROUP

# လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်း - လူကုန်ကူးမှုတစ်မှုအား တရားစွဲဆိုခြင်း

## ရည်မှန်းချက်ပန်းတိုင်များ

ဤသင်ခန်းစာသည် လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်းကို အသုံးပြု၍ အမှုတစ်ခုကို တရားစွဲဆိုရာတွင် ကျွမ်းကျင်မှုများ ရရှိနိုင်စေရန် အဓိကထားပါသည်။ ဤသင်ခန်းစာ၏ ရည်မှန်းချက်ပန်းတိုင်များတွင် အောက်ပါတို့ပါဝင်ကြသည် -

- အမှု၏ ပြစ်မှုအင်္ဂါရပ်အသီးသီးကို သက်သေပြနိုင်ရေးအတွက် အရေးကြီးသည့် သက်သေခံချက်/ အဓိကသတင်းအချက်အလက်ကို ခွဲခြားဖော်ထုတ်ခြင်း၊
- သင်၏အမှုမှ သက်သေပြရန်တာဝန်ကို သိရှိနားလည်စေခြင်း၊
- သက်သခံအဖြစ် လက်ခံနိုင်ခြင်း ရှိ၊ မရှိ အပေါ် ပိုမိုနားလည်သဘောပေါက်စေခြင်း၊
- လူကုန်ကူးမှု တရားစွဲဆိုရာတွင် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အရေးကြီးသည့်/ အဓိကကျသည့် လူကုန်ကူးခံရသူ၏ ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ခြင်း၊
- လူကုန်ကူးခံရသူက စုံစမ်းစစ်ဆေးမှုတစ်ခုတွင် မည်သည့်လှုံ့ဆော်တိုက်တွန်းမှုကြောင့် ပူးပေါင်းဆောင်ရွက်သည် သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုမရှိသည်ကို သိရှိလက်ခံခြင်း၊
- လူကုန်ကူးခံရသူများနှင့် အပြန်အလှန်ဆက်ဆံဆောင်ရွက်ရာတွင် အတွေ့အကြုံကောင်းများကို လေ့လာသင်ယူခြင်း၊

## အမှုဖြစ်စဉ်

အမှုဖြစ်စဉ်မှာ စတိုးဆိုင်ပိုင်ရှင်တစ်ဦးက တစ်စုံတစ်ဦး အကူအညီလိုအပ်နေသည်ဟု တွေးထင်မိသောကြောင့် ရဲထံသို့ သတင်းပို့တိုင်ကြားရာမှ စတင်ခြင်းဖြစ်သည်။ ရဲက အဆိုပါ စတိုးဆိုင်သို့သွားရောက်၍ ဆိုင်ပိုင်ရှင် "သီဟအောင်" အား တွေ့ဆုံမေးမြန်းခဲ့ရာ "ကျေးဇူးပြု၍ ကူညီပါ" ဟု ရေးသားထားသည့် စာတိုတစ်စောင်အား အမျိုးသမီးတစ်ဦးက ၎င်းထံသို့ ပေးခဲ့ကြောင်း ဆိုသည်။ ဆိုင်ပိုင်ရှင် သီဟအောင်က ရှင်းပြရာတွင် လွန်ခဲ့သည့်လအနည်းငယ်ကစ၍ ပုံမှန် ဈေးလာဝယ်သည့် အမျိုးသမီးငယ်တစ်ဦးကို တွေ့ရှိရကြောင်း၊ သူမထက် အသက်ပိုကြီးသည့် အမျိုးသမီးတစ်ဦး၊ နောက်ထပ်အသက်ငယ်သည့် အမျိုးသမီးတစ်ဦးတို့နှင့်အတူ ဆိုင်သို့မကြာခဏ လာကြောင်း၊ အစားအစာအများအပြား ဝယ်ယူရန် အပတ်စဉ်နီးပါး ဆိုင်သို့လာကြောင်း၊ အသက် ၁၅ နှစ်မှ ၂၀ အတွင်း ရှိမည်ထင်ရသည့် အသက်ငယ်သောအမျိုးသမီးနှစ်ဦးမှာ ၎င်းအား မည်သည့်အခါမျှ စကားမပြောကြောင်း၊ အသက်ပိုကြီးသည့်အမျိုးသမီးကသာ ၎င်းအား စကား ပြောပြီး အစားအစာများအတွက် အမြဲတမ်းငွေရှင်းပေးပါကြောင်း၊ အဆိုပါ အသက်ကြီးသည့် အမျိုးသမီး အခြားတစ်ဖက်သို့ မျက်နှာလှည့် ကျောပေးနေချိန်တွင် အသက်ငယ်သည့် အမျိုးသမီး နှစ်ဦးအနက် တစ်ဦးက စာတိုတစ်စောင်ကို ၎င်း၏လက်ထဲသို့ထည့်ပေးပြီး တိတ်တိတ်နေရန် ကိုယ်ဟန်လက်ဟန်ပြကြောင်း၊ အဆိုပါအမျိုးသမီးငယ်မှာ အမှန်တကယ်ကြောက်လန့်နေပုံပေါက် ကြောင်း၊ ၎င်းအမျိုးသမီးများ ဆိုင်မှထွက်ခွာသွားပြီးနောက် စာတိုအားဖတ်ခဲ့ကြောင်း၊ ၎င်းနောက် မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို မိန်းမအားပြောပြတိုင်ပင်ခဲ့ပြီးနောက် ရက်အနည်းငယ် အကြာတွင် ရဲထံသို့ သတင်းပို့တိုင်ကြားခြင်းဖြစ်ကြောင်း ဆိုသည်။

အဆိုပါအမျိုးသမီးများ နောက်တစ်ကြိမ် ဈေးဝယ်လာသည်ကို တွေ့ရှိခဲ့ပါက ၎င်းထံသို့ ဖုန်းခေါ်ဆိုရန် ရဲက ဆိုင်ရှင် သီဟအောင်အား ပြောကြားခဲ့သည်။ အမျိုးသမီးများ ဆိုင်သို့ ထပ်မံ ရောက်လာချိန်တွင် သီဟအောင်က ဖုန်းဖြင့်ဆက်သွယ်ခေါ်ဆိုခဲ့သဖြင့် ရဲအရာရှိ စိုးခန့်မောင် ရောက်ရှိလာရာ ဈေးဝယ်နေသည့် အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသမီးငယ် နှစ်ဦးတို့ကို ပြသခဲ့ သည်။ သီဟအောင်က ၎င်းထံသို့ "အေးမြတ်မွန်" ဆိုသူ အမျိုးသမီးငယ် ပေးခဲ့သည့် စာတိုကို ပြသ ခဲ့သည်။ ရဲအရာရှိ စိုးခန့်မောင်လည်း အဆိုပါအမျိုးသမီး သုံးဦးထံသို့သွား၍ မေးခွန်းများ စတင် မေးမြန်းခဲ့သည်။ အဆိုပါအမျိုးသမီးသုံးဦးစလုံးသည် မေးမြန်းသူ စိုးခန့်မောင်အား ရဲအရာရှိ တစ်ဦးဟု သိရှိလိုက်ချိန်တွင် ကြောက်ရွံ့နေဟန်ရှိသည်။ အသက်ကြီးသည့် "စုစုထွန်း" ဆိုသူ အမျိုး သမီးကြီးက ၎င်းတို့အုပ်စုနှင့်ပတ်သက်၍ ရှင်းပြရန်ကြိုးစားသည်။ ၎င်းက ပြောကြားရာတွင် သူမတို့အားလုံးမှာ စက်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်ကြောင်း၊ အဆိုပါစက်ရုံမှအလုပ်သမားများ အတွက် တစ်ပတ်လျှင်တစ်ကြိမ် ဈေးဝယ်ထွက်ကြောင်း၊ သူမ၏တာဝန်မှာ အမျိုးသမီးငယ်များ အား စောင့်ကြည့်ခြင်း၊ စက်ရုံပိုင်ရှင်ပေးသည့်ပိုက်ဆံဖြင့် ဝယ်ယူသည့်အစားအစာများအား

ပေးချေခြင်း၊ ၎င်းနောက် လက်ခံပြေစာ၊ ပြန်အမ်းငွေများအား ပြန်ပေးခြင်း စသည်တို့ဖြစ်ကြောင်း၊ အမျိုးသမီးငယ်နှစ်ဦးနှင့် စတိုးဆိုင်သို့လာခြင်းမှာ သူမ၏ အလုပ်တာဝန်အချို့ပင်ဖြစ်ကြောင်း၊ အတူပါလာသည့် အမျိုးသမီးငယ်နှစ်ဦးမှာ ဈေးဝယ်ခြင်း၊ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်း စသည့် အလုပ်များကို ၎င်းတို့၏အလုပ်တစ်စိတ်တစ်ပိုင်းအဖြစ် ကူညီလုပ်ကိုင်ရကြောင်း ဆိုသည်။

အေးမြတ်မွန်နှင့် လဲ့လဲ့မြင့် ဆိုသူ အခြားအမျိုးသမီးတစ်ဦးတို့သည် အလွန်ကြောက်လန့်နေပြီး ရဲအရာရှိ စိုးခန့်မောင်၏မေးခွန်းအများစုကို စကားလုံးတစ်လုံးတည်းအသုံးပြုခြင်းဖြင့် ပြန်လည်ဖြေကြားကြသည်။ ရဲအရာရှိက "ဒုက္ခရောက်နေလား" ဟု မေးမြန်းရာ "မရောက်ပါ" ဟု အေးမြတ်မွန် က ဖြေကြားခဲ့သည်။ "ကူညီပါ" ဆိုသည့် စာတိုတစ်စောင်အား ဆိုင်ရှင်ထံသို့ ပေးခဲ့ခြင်းရှိ၊ မရှိ မေးမြန်းရာ "သူတို့တွေက ပညာမတတ်ဘူး။ စာရေး၊ စာဖတ်မတတ်တော့ ဘယ်လိုလုပ်ပြီး စာရေးနိုင်မှာလဲ" ဟု စုစုထွန်းက အေးမြတ်မွန်ဖြေကြားခြင်းမပြုမီမှာပင် ပြောခဲ့သည်။ ၎င်းနောက် ရဲအရာရှိက "စာတိုအား ဆိုင်ရှင်ထံသို့ပေးခဲ့လား" ဟုမေးမြန်းရာ "မပေးပါ" ဟု အေးမြတ်မွန်က ဖြေကြားသည်။ ရဲအရာရှိ စိုးခန့်မောင်အနေဖြင့် မိန်းကလေးငယ်များမှာ ကြောက်ရွံ့နေပုံရှိသော်လည်း မည်သည့်မိန်းကလေးကမျှ မှားယွင်းမှုတစ်စုံတစ်ရာမရှိကြောင်း ဆိုသည်။ ထို့ကြောင့် ရဲအရာရှိက ၎င်း၏အမည်၊ ရဲစခန်းလိပ်စာတို့ပါရှိသည့် စာရွက်ပိုင်း တစ်ခုအား စုစုထွန်းအလစ်တွင် အေးမြတ်မွန်ထံသို့ ပေးလိုက်သည်။

ရက်သတ္တပတ်အနည်းငယ်အကြာတွင် ရဲစခန်းသို့ အေးမြတ်မွန်ရောက်ရှိလာပြီး ရဲအရာရှိ စိုးခန့်မောင်အား သူမအကြောင်းကို ပြောပြခဲ့သည်။ အေးမြတ်မွန်က ပြောပြရာတွင် သူမသည် ဆင်းရဲသည့်မိသားစုမှ မွေးဖွားလာခဲ့ကြောင်း၊ လွန်ခဲ့သည့်တစ်နှစ်က မိဘများ၏ သူငယ်ချင်းကောင်းတစ်ဦးဖြစ်သူ မုဆိုးမတစ်ဦးက သူမ၏သမီးအလုပ်လုပ်ကိုင်သည့်စက်ရုံတွင် အလုပ်သမားများ ပိုမိုလိုအပ်နေကြောင်း၊ ၎င်း၏သမီးဖြစ်သူမှာ စက်ရုံတွင်ပျော်ရွှင်ပြီး မိသားစုအား ငွေများပို့ပေးနေသည်ဟု ပြောကြောင်း ဆိုသည်။ အေးမြတ်မွန်က ၎င်းသည် ငွေရှာလိုသဖြင့် အဆိုပါ မုဆိုးမ၏ သမီးဖြစ်သူလုပ်ကိုင်သည့်စက်ရုံတွင် အလုပ်လုပ်လိုသည်ဟု မိဘများအား ပြောကြားခဲ့ကြောင်း၊ သို့ရာတွင် မြို့ပေါ်သို့သွားရောက်အလုပ်လုပ်ကိုင်သည့် အမျိုးသမီးငယ်များမှာ ဒုက္ခရောက်ကြရသည်ကို မိဘများ ကြားသိထားသဖြင့် အစပိုင်းတွင် ၎င်းအား မသွားစေလိုကြောင်း၊ သူမအနေဖြင့်လည်း အဆိုပါစက်ရုံမှာ ကောင်းမွန်ပြီး မုဆိုးမ၏သမီးဖြစ်သူမှာလည်း နှစ်သက်မှုရှိသည်ကို ထပ်ကာထပ်ကာပြောကြားခဲ့ကြောင်း၊ သို့ဖြစ်ရာ စက်ရုံတွင် လုပ်ကိုင်ရသည်ကို နှစ်သက်ပြီး အိမ်သို့ငွေပြန်ပို့ပေးသည့် သမီးရှိသည်ဟု အတည်ပြု ပြောကြားခဲ့သော မုဆိုးမနှင့် ၎င်း၏မိဘနှစ်ပါးတို့ ဆွေးနွေးတိုင်ပင်ခဲ့ကြောင်း၊ ၎င်းနောက် သူမ၏မိဘများက သဘောတူခွင့်ပြုခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းနောက်ပိုင်း မုဆိုးမ၏ သမီး ဖြစ်သူက အေးမြတ်မွန်ထံသို့ စာတစ်စောင် ပေးပို့လာပြီး ယင်းစာ၌ စက်ရုံပိုင်ရှင်က သူမအား စက်ရုံသို့ခေါ်ယူရန် သယ်ယူ

ပို့ဆောင်ရေး စီစဥ်သွားမည်ဖြစ်ကြောင်း၊ တစ်ရက်လျှင် လုပ်ခ ၅,၀၀၀ ကျပ်ပေးမည်ဖြစ်ကြောင်း၊ အစားအစာနှင့် နေစရာ စီစဥ်ပေးမည်ဖြစ်ကြောင်း ရေးသားထားသည်။ သို့ဖြစ်ရာ အေးမြတ်မွန်၏ မိဘများကလည်း ဘေးကင်းစိတ်ချသည့်နေရာမှ အလုပ်ကောင်းတစ်ခုဖြစ်လိမ့်မည်ဟု လက်ခံယုံကြည်သဖြင့် သူမအားသွားခွင့်ပြုခဲ့ကြောင်း ရဲထံသို့ အေးမြတ်မွန်က ပြောကြားခဲ့သည်။ ၎င်းနောက် စက်ရုံပိုင်ရှင်က သူမအားကြိုရန် ကားတစ်စီး လွှတ်ပေးခဲ့သည်။ အဆိုပါကားသည် အေးမြတ်မွန်အားကြိုခဲ့ပြီးနောက် မြို့ထဲသို့သွားမည့်မိန်းကလေးများကိုလည်း အခြားမြို့နယ်နှစ်ခုမှ ရပ်တန့်ခေါ်ခဲ့သေးသည်။ လမ်းခရီး၌ အချိန် နှစ်ရက် ကြာမြင့်ခဲ့သည်။ အေးမြတ်မွန်အနေဖြင့် ကားဒရိုင်ဘာ၏အမည်ကို မမှတ်မိတော့ဘဲ နောက်ထပ်လည်း မတွေ့ရတော့ချေ။ လမ်းခရီး၌ ခေါ်ဆောင်လာခဲ့သူ တစ်ဦးတစ်ယောက်မျှ သူမနှင့်အတူ စက်ရုံထဲသို့ ဝင်မလာခဲ့ပေ။

အေးမြတ်မွန်လည်း စက်ရုံသို့ရောက်သည့်အခါ မုဆိုးမ၏ သမီးဖြစ်သူအား ရှာမတွေ့ခဲ့ချေ။ သူမအနေဖြင့် စက်ရုံတွင်ရှိနေစဥ်ကာလအတွင်း အခက်အခဲများပြားစွာ ကြုံတွေ့ခဲ့ရသည်။ သယ်ယူပို့ဆောင်မှု၊ အစားအစာနှင့် နေစရာ စသည်တို့အတွက် ကုန်ကျစရိတ်များအား ပြန်ပေးရမည်ဖြစ်ကြောင်း စက်ရုံသို့ရောက်ခဲ့ပြီးနောက် သူမအားပြောခဲ့သည်။ သူမသည် အခြားသော အမျိုးသမီး ၁၅ ဦးနှင့်အတူ ၎င်းတို့၏အုပ်ချုပ်စက်များနှင့်ကပ်လျက်ရှိသည့် စက်ရုံကြမ်းပြင်ပေါ်တွင် စောင်များခင်းကာ အိပ်ခဲ့ရသည်။ စက်ချုပ်ရင်း၊ ချက်ပြုတ်ရင်း၊ သန့်ရှင်းရေးလုပ်ရင်းဖြင့် တစ်နေ့လျှင် ၁၆-၁၈ နာရီ အလုပ်လုပ်ရသည်။ သူမသည် နံနက်စာချက်ပြုတ်ရခြင်း၊ နံနက်စာကျွေးမွေးရခြင်း၊ သန့်ရှင်းရေးလုပ်ရခြင်း၊ နေ့လည်စာမစားမီအထိ စက်ချုပ်ရခြင်း သို့မဟုတ် စုစုထွန်းနှင့်အတူ ကုန်စုံဆိုင်သို့ ဈေးဝယ်ထွက်ရခြင်း၊ နေ့လည်စာချက်ပြုတ်ရခြင်း၊ နေ့လည်စာကျွေးရခြင်း၊ သန့်ရှင်းရေးလုပ်ရခြင်း၊ ညစာစားချိန်မတိုင်မီအထိ စက်ချုပ်ရခြင်း၊ ညစာချက်ပြုတ်ရခြင်း၊ ညစာကျွေးရခြင်း၊ သန့်ရှင်းရေးလုပ်ရခြင်း နောက်တစ်နေ့နံနက်စာအတွက် ပြင်ဆင်ရခြင်း အိပ်စက်ရခြင်း၊ နောက်တစ်နေ့နံနက်တွင် အဆိုပါအလုပ်အားလုံးကို ပြန်လည်စတင်ရခြင်း စသည်ဖြင့် လုပ်ကိုင်ရသည်။ သူမအနေဖြင့် တစ်ချိန်လုံးပင်ပန်းစွာလုပ်ကိုင်ရပြီး မည်သည့်အခါမျှ လုံလောက်စွာ အိပ်စက်ရခြင်း မရှိချေ။ စက်ရုံတံခါးများမှာ ပိတ်ထားခြင်းမရှိသော်လည်း ညစာစားပြီးနောက် အပြင်ထွက်သည့်အမျိုးသမီးအချို့မှာ ည ၉း၀၀ နာရီမတိုင်မီ စက်ရုံသို့ မဖြစ်မနေ ပြန်လာရသည်။ အေးမြတ်မွန်အတွက်မူ အပြင်သို့ အမြဲထွက်သည့်အချိန်များမှာ စုစုထွန်းနှင့် ဈေးဝယ်ထွက်သည့်အချိန်သာ ဖြစ်သည်။

စက်ရုံပိုင်ရှင်ဖြစ်သူ ဇင်မင်းသက်မှာ ၎င်းတို့အား ခြောက်လှန့်သည်။ ၎င်းက အမျိုးသမီးများအား ပျင်းရိသူများဖြစ်ကြောင်း၊ အလုပ်မကြိုးစားကြောင်း၊ ၎င်းတို့အတွက် သူလုပ်ပေးထားသည်များအားလုံးကို ကျေးဇူးမတင်ကြောင်းပြောပြီး တစ်ချိန်လုံး အော်ဟစ်ကြိမ်းမောင်းနေသည်။ စက်ရုံတွင် မရှိတော့သည့် အခြားအမျိုးသမီးတစ်ဦးမှာ အမှန်တကယ် နေမကောင်းဖြစ်ခဲ့သဖြင့်

ဆေးဝါးအချို့ပေးရန်နှင့် နေ့ပိုင်းအချိန်အတွင်း အိပ်စက်ခွင့်ပြုရန် စက်ရုံပိုင်ရှင် ဇင်မင်းသက်ထံ တောင်းဆိုခဲ့ရာ နေမကောင်းဖြစ်ခြင်း မဟုတ်ကြောင်း၊ အလုပ်ဆက်လုပ်ရမည်ဖြစ်ကြောင်း အဆိုပါ အမျိုးသမီးအား ဇင်မင်းသက်က အော်ဟစ်ဆူပူ ပြောဆိုခဲ့သည်။ ရက်အနည်းငယ်အကြာ အဆိုပါ အမျိုးသမီးသည် ၎င်း၏အပ်ချုပ်စက်အနီးရှိ ကြမ်းပြင်ပေါ်သို့ သတိလစ်မူးလဲကျသွားပြီး ဦးခေါင်း ထိခိုက်သွားခဲ့သည်။ စက်ရုံပိုင်ရှင်က ၎င်း၏ကားဖြင့် သူမအားခေါ်သွားပြီးနောက် သူမလည်း မည်သည့်အခါမျှ စက်ရုံသို့ ပြန်လာခြင်း မရှိတော့ချေ။ စက်ရုံပိုင်ရှင်ကမူ သူမအား ဆရာဝန်နှင့် ပြသခဲ့ပြီးနောက် သူမ၏မိသားစု နေအိမ်သို့ ဘတ်စ်ကားတစ်စီးဖြင့် ပို့ပေးလိုက်ကြောင်း ဆိုသည်။ စက်ရုံမှအမျိုးသမီးများကမူ စက်ရုံပိုင်ရှင်က သူမအားသတ်ပစ်လိုက်ခြင်း သို့မဟုတ် ပြည့်တန်ဆာအိမ် တစ်အိမ်သို့ ရောင်းစားလိုက်ခြင်းဖြစ်မည်ဟု တွေးထင်ကြသည်။ စက်ရုံပိုင်ရှင်က မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရိုက်ပုတ်ခဲ့ဖူးသည်ကို အေးမြတ်မွန်အနေဖြင့် မြင်တွေ့ခြင်းမရှိသော်လည်း စုစုထွန်းအပါအဝင် အခြားသော အမျိုးသမီးများထံမှ အဆိုပါအကြောင်းကို ကြားဖူးထားသည်။

အေးမြတ်မွန်အနေဖြင့် အဆိုပါမြို့ကိုလည်းကောင်း၊ စက်ရုံပိုင်ရှင်ကိုလည်းကောင်း၊ စက်ရုံမှကြိုးစားထွက်ခွာရမည်ကိုလည်းကောင်း ကြောက်လန့်နေသည်။ ကတိပေးထားသည့်အတိုင်း နေအိမ်သို့ ငွေပို့ပေးနိုင်ခြင်းမရှိသဖြင့် သူမ၏မိဘများကလည်း စိတ်ဆိုးနေလိမ့်မည်ဟု သူမက တွေးထင်ထားသည်။ အေးမြတ်မွန်က လုပ်ခရရှိနိုင်ရန် စက်ရုံပိုင်ရှင်ထံသို့ စောစောပိုင်းတွင် တောင်းခံခဲ့သည်။ စက်ရုံပိုင်ရှင်က အိပ်စရာနှင့် စားစရာ ရရှိထားသဖြင့် ကံကောင်းကြောင်း၊ အေးမြတ်မွန်က ၎င်းအား ပိုက်ဆံပေးစရာရှိနေသေးကြောင်း၊ အကြွေးမကျေသမျှကာလပတ်လုံး လုပ်ခရရှိမည်မဟုတ်ကြောင်း အေးမြတ်မွန်အား အော်ဟစ်ပြောဆိုခဲ့သည်။ သို့ရာတွင် သူမအနေဖြင့် မူရင်းအကြွေးမည်မျှရှိနေသည်၊ မည်ရွေ့မည်မျှ ပြန်ဆပ်ရမည် သို့မဟုတ် မဖြစ်မနေ အလုပ်လုပ် ပေးရမည့် နေ့ရက်ကာလအတိအကျ မည်မျှရှိမည် စသည်တို့ကို မသိရပေ။

ဇင်မင်းထက်က သူမအနေဖြင့် ပေးစရာရှိသည့်အကြွေးများ မကြေမီ အလုပ်မှထွက်ခွာရန် ကြိုးစားခဲ့ပါက ရဲခေါ်ပြီးထောင်ချပစ်မည် ဟု အေးမြတ်မွန်အား ပြောခဲ့သည်။ ၎င်းထံတွင် နိုင်ငံရေးသမားများ၊ ရဲအရာရှိများ အပါအဝင် အာဏာရှိသည့် သူငယ်ချင်းများစွာ ရှိကြောင်း ဇင်မင်းထက်က ဆိုသည်။ အေးမြတ်မွန်က အလုပ်မှထွက်ရန်စဉ်းစားခဲ့သော်လည်း ဖမ်းဆီး ထောင်ချခံရမည်ကို စိုးရိမ်ခဲ့သည်။ သူမအနေဖြင့် ပိုက်ဆံကလည်းမရှိ၊ မိဘအိမ်သို့ ပြန်သည့်လမ်း ကိုလည်းမသိဖြစ်နေသည့်အပြင် တစ်ကြိမ်တစ်ခါမျှ ငွေပြန်မပို့နိုင်သဖြင့် မိဘများက လက်မခံဘဲ ငြင်းပယ်မည်ကို စိုးရိမ်ကြောက်လန့်နေခဲ့သည်။

**၎င်းနောက် ရဲက စက်ရုံသို့သွားရောက်ခဲ့ပြီး အခြားအလုပ်သမားများနှင့် တွေ့ဆုံစကားပြောခဲ့သည်။**

ရဲများက အဆိုပါစက်ရုံတွင် အလုပ်လုပ်ကိုင်နေသည့် အခြားအမျိုးသမီး ၁၇ ဦးကို တွေ့ရှိခဲ့သည်။ ၎င်းတို့အနက် အလုပ်သမား ၁၃ ဦးက အစစအရာရာ အခြေအနေကောင်းမွန်ကြောင်း၊ ၎င်းတို့၏အလုပ်ကို နှစ်သက်ပါကြောင်း၊ လုပ်ခလစာပုံမှန်ရကြောင်းနှင့် ဇင်မင်းသက်မှာ အလုပ်ရှင်ကောင်းတစ်ဦး ဖြစ်ကြောင်း ထွက်ဆိုကြသည်။

**အခြားအလုပ်သမား ၄ ဦးတို့က အောက်ပါအတိုင်း ထွက်ဆိုချက်များ ပေးကြသည် -**

**လဲ့လဲ့မြင့်**

လဲ့လဲ့မြင့်က ထွက်ဆိုရာတွင် သူမသည် တစ်နေ့လျှင် ၁၆-၁၈ နာရီ အလုပ်လုပ်ရကြောင်း၊ ဇင်မင်းသက်၏ငွေများ ပြန်ပေးနေရကြောင်း၊ စုစုထွန်းမှာ သယ်ယူပို့ဆောင်ရေး၊ အစားအစာနှင့် နေစရာ စသည့်ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ တစ်ဦးချင်းစီပေးစရာရှိသည့် ငွေပမာဏများကို လည်းကောင်း၊ လုပ်ခလစာ ပေးသည့် ငွေပမာဏများကိုလည်းကောင်း၊ မည်သည့်အချိန်တွင် အဆိုပါ လုပ်ခလစာများ ပေးသည်ကိုလည်းကောင်း မှတ်သားထားသည့် လယ်ဂျာစာရင်းစာအုပ် တစ်အုပ် သိမ်းဆည်းထားကြောင်း၊ အဆိုပါလယ်ဂျာစာရင်းစာအုပ်ထဲတွင် တွက်ချက်မှတ်သား ထားသည်များမှာ မျှတမှုမရှိဟု သူမထင်မြင်ကြောင်း၊ သူမအတွက် ဘတ်စ်ကားခလက်မှတ်မှာ လယ်ဂျာစာရင်းစာအုပ်တွင် ဖော်ပြထားသကဲ့သို့ ငွေပမာဏများပြားခြင်းမရှိသည်ကို သူမ သိရှိကြောင်း၊ စက်ရုံမှအိပ်စရာနေရာအတွက် ကျသင့်ငွေမှာလည်း မြို့ထဲရှိ အခြားနေရာတစ်နေရာရာမှ အခန်းတစ်ခန်း ငှားရမ်းခထက် ပိုမိုများပြားနေကြောင်း၊ အကယ်၍ တွက်ချက်မှုနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက ဇင်မင်းသက်နှင့် ဆွေးနွေးသင့်သည်ဟု စုစုထွန်းကဆိုကြောင်း၊ သူမအနေဖြင့် ဇင်မင်းထက်ကို ကြောက်သဖြင့် မဆွေးနွေးချင်ကြောင်း၊ ဇင်မင်းထက်မှာ တစ်ခါက အလုပ်သမ တစ်ဦးကိုသတ်ပြီး သူမ၏အလောင်းကို စက်ရုံအနောက်ဖက်တွင် မြှုပ်နှံထားသည်ဟု အသက်ကြီး သည့် အမျိုးသမီးအချို့ ပြောသည်ကို ကြားခဲ့ရကြောင်း ဆိုသည်။

**Sharmin Ratna**

အဆိုပါစက်ရုံတွင် ဘင်္ဂလားဒေ့ရှ်မှ အမျိုးသမီးတစ်ဦး အလုပ်လုပ်ကိုင်သည်။ သူမ၏ နိုင်ငံကူးလက်မှတ်နှင့် အခြားစာရွက်စာတမ်းများအား စက်ရုံပိုင်ရှင်၏ စားပွဲထဲတွင် သော့ခတ် သိမ်းဆည်းထားသည်ကို ရဲများက တွေ့ရှိခဲ့သည်။ အဆိုပါအမျိုးသမီးသည် ၎င်း၏ စာရွက်စာတမ်းများ ပြန်လည်ရရှိသဖြင့် အလွန်ဝမ်းသာနေဟန်ရှိသည်။ သို့ရာတွင် သူမအသုံးပြုသည့် ဘာသာစကား ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်မျှ အဆိုပါနေရာတွင် မရှိသဖြင့် သူမနှင့်ပတ်သက်သည့်

အကြောင်းအရာများကို မသိရှိရချေ။ ရဲတပ်ဖွဲ့က သူမ၏နေအိမ်သို့ ပြန်ပို့ပေးနိုင်ရေးအတွက် လိုအပ်သည့်စီစဥ်ဆောင်ရွက်မှုများ စီစဥ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် ဘင်္ဂလားဒေ့ရှ်သံရုံးသို့ ဆက်သွယ် အကြောင်းကြားခဲ့သည်။ နိုင်ငံတကာရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)က သူမအား နေရပ်သို့ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် စီစဥ်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။

**T.T.M (အသက် ၁၅ နှစ်ရှိသည့် မိန်းကလေး)**

T.T.M သည် စက်ရုံထဲသို့ ရဲတပ်ဖွဲ့ ဝင်လာချိန်တွင် ထောင်ထဲသို့ မသွားချင်ကြောင်း သံကုန်အော်ဟစ်လျက် စတင်ငိုကြွေးခဲ့သည်။ သူမသည် ဖြေမဆည်နိုင်ဘဲ ဖြစ်နေခဲ့သည်။ ရဲတပ်ဖွဲ့တွင်လည်း သူမနှင့် ပြောဆိုဆွေးနွေးနိုင်မည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(ATIPD)မှ တပ်ဖွဲ့ဝင် အမျိုးသမီးတစ်ဦး ပါရှိသည်။ အဆိုပါ ATIPD တပ်ဖွဲ့ဝင်အမျိုးသမီးသည် T.T.M နှင့် သီးတင်းပတ်ပေါင်းများစွာ အချိန်အကြာကြီး နေပေးခဲ့သည်။ T.T.M က သူမသည် စက်ရုံသို့ ပြန်မသွားချင်တော့ကြောင်း ပြောခဲ့သဖြင့် ATIPD တပ်ဖွဲ့ဝင်က အစိုးရမဟုတ်သည့်အဖွဲ့အစည်း၏ စောင့်ရှောက်ရေးဂေဟာတွင် နေထိုင်နိုင်ရေးအတွက် စီစဥ်ဆောင်ရွက်ပေးနိုင်မည့် လူမှုဝန်ထမ်းတစ်ဦးကို ဆက်သွယ်ခဲ့သည်။ အဆိုပါ ATIPD တပ်ဖွဲ့ဝင်အမျိုးသမီးသည် T.T.M ထံသို့ ဆက်လက်သွားရောက်တွေ့ဆုံခဲ့ပြီး ကူညီပေးချင်ပါကြောင်း ပြောကြားခဲ့သည်။ နောက်ဆုံးတွင် သူမ၏ရင်တွင်းဖြစ်စကားများ ထုတ်ဖော်ပြောကြားလာခဲ့သည်။ သူမက ပြောကြားရာတွင် ဇင်မင်းသက်သည် စက်ရုံထဲရှိ ၎င်း၏ရုံးခန်းထဲသို့လာရန် သူမအားခေါ်လေ့ရှိပြီး သူမ၏ ကန့်သတ်နေရာများအား ထိတွေ့ကိုင်တွယ်ခဲ့ကြောင်း၊ ထို့ပြင် သူမသည် ပြည့်တန်ဆာတစ်ဦးဖြစ်ပြီး ငွေရရှိရန် ယောကျ်ားများနှင့်နေထိုင်ဆက်ဆံခဲ့သည်ဟု သူမ၏မိဘများနှင့် သူမနေထိုင်ရာမြို့မှ လူအားလုံးကို ပြောမည်ဟုလည်း ခြိမ်းခြောက် ပြောဆိုခဲ့ကြောင်း၊ ထို့ပြင် အဖမ်းခံခဲ့ရပါကလည်း သူမ၏မြူဆွယ်မှုကြောင့်သာ ထိုသို့ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု အပြစ်ပုံချသွားမည်ဟု ပြောကြားခဲ့ကြောင်း ဆိုသည်။ ဇင်မင်းသက်က အခြားအလုပ်သမားများကိုလည်း ထိုသို့ ပြုမူလုပ်ဆောင်ခဲ့ခြင်း ရှိ၊ မရှိ သူမ မသိပေ။ T.T.M သည် သူမဖြစ်ပျက်ခဲ့သည်များကို ဖုံးကွယ်ရန် ကြိုးစားခဲ့သည်။ သူမ၏အဖြစ်အပျက်များမှာ လွန်စွာ စိတ်ကသိကအောက်ဖြစ်ဖွယ်၊ ရှက်ဖွယ်ကောင်းလှသဖြင့် တရားသူကြီးတစ်ဦးဦး သို့မဟုတ် အမျိုးသားရဲအရာရှိတစ်ဦးဦးထံသို့ အဆိုပါအကြောင်းအရာများ ပြောပြနိုင်မည်ဟု သူမ မထင်ပေ။ သူမအနေဖြင့် လုပ်ခလစာ လုံးဝမရရှိခဲ့သည့်အပြင် အဆိုပါ စက်ရုံတွင် အချိန်ကာလ မည်မျှကြာသည်အထိ အလုပ်လုပ်ကိုင်ရမည်ကိုလည်း မသိပေ။ သူမ၏ သက်သေခံကတ်ပြားအား စက်ရုံသို့ရောက်ရှိစဥ် စုစုထွန်းမှ ယူသွားခဲ့သည်။ သူမ၏ အဆိုပါ သက်သေခံကတ်ပြားအား ဇင်မင်းသက်၏အံဆွဲထဲ၌ ဘင်္ဂါလီအမျိုးသမီး၏ စာရွက်စာတမ်းများနှင့်အတူ တွေ့ရှိခဲ့သည်။

## စုစုထွန်း

စုစုထွန်းမှ ပြောကြားရာတွင် ၎င်းသည် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိကြောင်း၊ စက်ရုံစတင်လည်ပတ်သည့် လွန်ခဲ့သည့် ၁၈ နှစ်ကတည်းက လုပ်ကိုင်ခဲ့ကြောင်း၊ စက်ရုံတွင်အိပ်ခြင်းမရှိသော်လည်း သူမ၏ယောက်ျားနှင့်အတူ အနီးအနားရှိ အိမ်တစ်အိမ်တွင် နေထိုင်ကြောင်း၊ သူမအနေဖြင့် စာအုပ်များထိန်းသိမ်းခြင်း၊ စည်းကမ်းများ ထိန်းသိမ်းခြင်း၊ အမျိုးသမီးငယ်များအားလုံး ဘေးကင်းလုံခြုံစိတ်ချစေခြင်းနှင့် ဇင်မင်းသက်၏ ပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်တို့အတွက် တာဝန်ရှိကြောင်း၊ ဇင်မင်းသက်မှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ သတ်ဖြတ်ခဲ့ခြင်းမရှိသော်လည်း လွန်ခဲ့သည့်နှစ်များစွာက အလုပ်သမားတစ်ဦးမှာ ဖျားနာသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူမှာ မိသားစုမရှိ သို့မဟုတ် ပိုက်ဆံမရှိသဖြင့် ဇင်မင်းသက်က ဘုရားကျောင်းတစ်ခုတွင် သေဆုံးသူ၏ ရိုးရာဓလေ့ထုံးစံအရ နာရေးကိစ္စကို စီစဉ်ပေးခဲ့ကြောင်း၊ မုဆိုးမ၏ သမီးဆိုသူကို မှတ်မိကြောင်း၊ အလုပ်မှထွက်ပြီး လက်ထပ်ထိမ်းမြားလိုသော်လည်း သူမအတွက် သယ်ယူပို့ဆောင်မှုစရိတ်များပေးရန် ကျန်နေသေးကြောင်း၊ သို့ဖြစ်ရာ သူမ၏ညီမဖြစ်သူလာရောက်ပြီး ကျန်ရှိနေသည့် အကြွေးများကို သူမကိုယ်စား ပေးဆပ်သွားမည်ဟု ပြောသဖြင့် ဇင်မင်းထက်က သဘောတူခဲ့ကြောင်း၊ အေးမြတ်မွန်မှာ မုဆိုးမသမီး၏ ညီမ မဟုတ်သည်ကို သိရှိသော်လည်း ဇင်မင်းသက်ထံသို့ ပေးဆပ်ရမည့် နောက်ထပ်အကြွေး မည်မျှရှိမည်ကို မသိရှိကြောင်း၊ ကတိပေးထားသောကြောင့် အေးမြတ်မွန် အနေဖြင့် ကျန်ရှိနေသည့် အကြွေးများကို မဖြစ်မနေ ပေးဆပ်ရမည်ဖြစ်သဖြင့် ကိစ္စမရှိပါဟု ဇင်မင်းသက်ကပြောခဲ့ကြောင်း ဆိုသည်။ စုစုထွန်းက သူမ အနေဖြင့် မည်သည့်ဆုံးဖြတ်ချက်မျှ ချမှတ်ခဲ့ဖူးခြင်းမရှိကြောင်းနှင့် ဇင်မင်းသက်ပြောသမျှကိုသာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

**အေးမြတ်မွန်နေထိုင်သည့်မြို့မှ သက်သေအချို့ကို တွေ့ဆုံမေးမြန်းရန် ခေါင်းဆောင်ရဲအရာရှိက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်တစ်ဦးအား ပြောကြားသည်။ အောက်ပါတို့မှာ သူမ တွေ့ရှိခဲ့သည့်အချက်များ ဖြစ်ပါသည် -**

## အေးမြတ်မွန်၏မိဘများ

စက်ရုံအလုပ်အကြောင်းအား ၎င်းတို့၏သူငယ်ချင်းဖြစ်သူ မုဆိုးမတစ်ဦးထံမှ အေးမြတ်မွန် သိရှိခဲ့ပါကြောင်း၊ သူမအလုပ်သွားလုပ်ရန် မည်သည့်အခါကမျှ သဘောမတူခဲ့ပါကြောင်း၊ ၎င်းတို့ အနေဖြင့် အဆိုပါအလုပ်မှာ အန္တရာယ်များလွန်းလှသဖြင့် ယောက်ျားတစ်ဦး ရှာယူရန် သူမအား ပြောခဲ့ပါကြောင်း၊ တစ်နေ့ နံနက်ပိုင်းတွင် အေးမြတ်မွန်ရေးသားထားသည့် စာတိုတစ်စောင် တွေ့ရှိခဲ့ကြောင်း၊ အဆိုပါ စာတွင် အေးမြတ်မွန်က ၎င်းတို့အား ချစ်ခင်ပါကြောင်းနှင့် တတ်နိုင်သမျှ ငွေမြန်မြန်ပို့ပေးမည်ဟု ရေးသားဖော်ပြထားပါကြောင်း၊ ၎င်းတို့ကလည်း အေးမြတ်မွန်မှာ

စက်ရုံသို့သွားခြင်းဖြစ်မည်ဟု ယုံကြည်သော်လည်း အဆိုပါစက်ရုံသို့ မည်သူကခေါ်ဆောင်သွားသည်၊ မည်သို့မည်ပုံ ရောက်ရှိခဲ့သည် သို့မဟုတ် အဆိုပါစက်ရုံမှာ မည်သည့်နေရာတွင်ရှိသည် (အတိအကျ)ကိုမူ မသိရှိပါကြောင်း၊ အဆိုပါစာတိုအားတွေ့ရှိသည့်အခါ မုဆိုးမထံသို့ သွားရောက်တွေ့ဆုံပြောကြားခဲ့ရာ မိမိတို့သမီးဖြစ်သူ အဆိုပါစက်ရုံသို့သွားရန် စီစဥ်ခဲ့မှုကို ၎င်းမသိရှိခဲ့ပါဟု ပြောခဲ့ကြောင်း၊ သို့ရာတွင် သမီးဖြစ်သူ အေးမြတ်မွန် ထွက်ခွာသွားပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာတွင် အဆိုပါမုဆိုးမ၏ နေအိမ်ခေါင်မိုးအား ပြုပြင်ရန် ငွေအလုံအလောက်ရှိနေခဲ့သည်ကို ၎င်းတို့သတိပြုမိခဲ့ကြောင်း၊ ငွေများမည်ကဲ့သို့ ရရှိခဲ့သည်ကို ၎င်းတို့မသိရှိရသော်လည်း အပေးအယူ၊ သဘောတူညီမှု တစ်ခုခု/ တစ်နည်းနည်းဖြင့် ရရှိခဲ့သည်ဟု ထင်မိပါကြောင်း ဆိုသည်။ အေးမြတ်မွန်၏ မိဘများသည် ၎င်းတို့၏သမီးဖြစ်သူ ဘေးကင်းလုံခြုံစိတ်ချမှုရှိသည်ကို သိရှိရဖြင့် ပျော်ရွှင်နေခဲ့ကြပြီး သူမ ပြန်လာမည်ကို လက်ခံကြိုဆိုကြသည်။

**မုဆိုးမ**

မုဆိုးမက ထွက်ဆိုရာတွင် သူမ၏သမီးထံမှ ရရှိသည့်သတင်းအချက်အလက်ကိုသာ ပေးခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရုံသို့သွားရန် သမီးဖြစ်သူထံမှတစ်ဆင့် အေးမြတ်မွန် စီစဥ်ခဲ့ခြင်းအပေါ် ၎င်းအနေဖြင့် မသိရှိခဲ့ကြောင်း၊ အေးမြတ်မွန်ထွက်သွားသည်ဟု သိရှိရသည့်အခါ သူမ၏ မိဘများကဲ့သို့ပင် အံ့သြမိပါကြောင်း၊ သူမ၏သမီးထံမှလည်း သတင်းမကြားရသည်မှာ လများစွာကြာခဲ့ပြီဖြစ်ကြောင်း၊ သမီးဖြစ်သူ မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို မသိရှိကြောင်း၊ အေးမြတ်မွန်ထွက်သွားပြီး နှစ်ပတ်ခန့်အကြာတွင် သူမ၏သမီးထံမှ သတင်းကြားရသည်မှာ နောက်ဆုံး ဖြစ်ပါကြောင်း၊ အိမ်ခေါင်မိုး ပြုပြင်ရန် သမီးဖြစ်သူက ငွေပို့ပေးခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

The WARNATH GROUP

# လူကုန်ကူးခံရသူများနှင့် လုပ်ငန်းဆောင်ရွက်ခြင်း

## လူကုန်ကူးမှုများ၌ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှု အသုံးပြုခြင်း (ဥပဒေအရာရှိများအတွက်)

မြန်မာ
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

# လူကုန်ကူးခံရသူများနှင့် လုပ်ငန်းဆောင်ရွက်ခြင်း

စိတ်သောကရောက်မှုအပေါ် နားလည်လက်ခံခြင်း

– စိတ်သောကဒဏ်ရာ ရရှိမှုဟာ ဘာကြောင့် ပြဿနာ/ကိစ္စတစ်ရပ် ဖြစ်နေရတာလဲ။

## စိတ်သောကဒဏ်ရာ ဆိုသည်မှာ အဘယ်နည်း။

စိတ်သောကခံစားရမှု အတွေ့အကြုံများသည် ဘေးကင်းလုံခြုံစိတ်ချရသည်ဆိုသော အခြေခံယုံကြည်မှုကို တုန်လှုပ်ချောက်ခြားစေပြီး ယုံကြည်စိတ်ချနိုင်သည်ဆိုသည့် တွေးဆထားမှုကို ထိခိုက်ပျက်ပြားစေသည်။

## PTSD ဆိုသည်မှာ အဘယ်နည်း။

(Post-Traumatic Stress Disorder) ဆိုသည်မှာ လူတစ်ဦးတစ်ယောက်အနေဖြင့် စိတ်မချမ်းမြေ့ဖွယ်၊ စိတ်သောကရောက်ဖွယ်ဖြစ်ရပ်တစ်ခုကို ကိုယ်တိုင်ကြုံတွေ့ခံစားရပြီးနောက် သို့မဟုတ် အဆိုပါဖြစ်ရပ်ကို တွေ့မြင်ခံစားရပြီးနောက် ဖြစ်ပေါ်လာသည့် စိတ်ကျန်းမာရေး အခြေအနေတစ်ရပ် ဖြစ်ပါသည်။

ဖြစ်ပေါ်လာသည့် စိတ်ဒဏ်ရာအပေါ် သာမန်တုန့်ပြန်မှုတစ်ခုသည် (PTSD) ကို ပိုမိုထိခိုက်ကြီးထွားလာစေနိုင်သည်။

## စိတ်ဒဏ်ရာဖြစ်စေသောအချက်များ

- သဘာဝဘေးအန္တရာယ်များ - ငလျင်လှုပ်ခြင်း၊ မီးလောင်ခြင်း၊ ရေကြီးခြင်း
- စော်ကားခံရခြင်း - အဓမ္မပြုကျင့်မှု၊ သွေးရင်းစပ်ယှက်ခြင်း၊ ဗလက္ကာရပြုခြင်း၊ နေအိမ်တွင်းမတော်မတရားပြုခြင်း၊
- ပြင်းထန်သည့် မတော်တဆမှုများ ဖြစ်ပွားခြင်း၊
- ဆိုးရွားကြောက်မက်ဖွယ် ဒဏ်ရာများရရှိခြင်း သို့မဟုတ် သေဆုံးခြင်းများကို ကိုယ်တိုင်ခံစားရခြင်း သို့မဟုတ် တွေ့မြင်ရခြင်း၊
- ခွဲစိတ်ခြင်း၊ အပြင်းအထန် မမာမကျန်းခြင်း၊
- အကြမ်းဖက်ခြင်း၊ စစ်ဖြစ်ပွားခြင်း၊



THE WARNATH GROUP

## စိတ်သောကဒဏ်ရာ ဖြစ်စေနိုင်သည့် ဖြစ်ရပ်များ

- မိမိတို မျှော်လငမထားမှုများ၊
- ထူးဆန်းပြီးနေသားမကျသည့် ခံစားမှုမျိုးဖြစ်စေသော ရန်စတုန့်ပြန်မှုများ၊

ယင်းတို့သည် ပုံမှန်မဟုတ်သည့် အခြေအနေများအပေါ် သာမန်တုန့်ပြန်မှုများ ဖြစ်ကြသည်။



## လူကုန်ကူးသူများသည် ၎င်းတို့လူကုန်ကူးထားသူများအား ထိန်းချုပ်နိုင်ရန် နည်းလမ်းများစွာ အသုံးပြုကြသည်။


- ရိုက်နှက်ခြင်း၊ မီးဖြင့်ရှို့ခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် အစားအစာ မကျွေးဘဲ အငတ်ထားခြင်း၊
- အများနှင့် ရောနှောမထားဘဲ သီးခြားထားရှိခြင်း၊
- စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှင်းပန်းခြင်း၊
- ဆေးဝါး သို့မဟုတ် အရက်စွဲလန်းစေခြင်း၊
- စာရွက်စာတမ်း ထိန်းသိမ်းထားခြင်း၊
- ကြွေးမြီဖြင့် ချည်နှောင်ထားခြင်း၊
- ပြည်နှင်ဒဏ်ပေးမည်ဟု ခြိမ်းခြောက်ခြင်းများ၊
- လူကုန်ကူးခံရသူ၏ မိသားစု သို့မဟုတ် သူငယ်ချင်းများအား အန္တရာယ်ပြုမည်ဟု ခြိမ်းခြောက်ခြင်း၊

## စိတ်သောကဒဏ်ရာနှင့် လူကုန်ကူးခြင်း

လူကုန်ကူးခံရသူများစွာတို့သည် စိတ်သောကဒဏ်ရာများကို တွေ့ကြုံခံစားရဖွယ်ရှိကြပြီး ရောဂါလက္ခဏာများမှာ အောက်ပါအတိုင်း ဖြစ်သည် -

- စိတ်တိုခြင်း၊ ကြောက်ရွံ့ခြင်း သို့မဟုတ် စိတ်ခံစားသက်ဝင်မမရှိခြင်း၊
- ကိုယ့်ကိုယ်ကို ကာကွယ်မှုများ လုပ်ဆောင်ခြင်း၊
- လူကုန်ကူးသူများအပေါ် သစ္စာခံခြင်း၊ ကျေးဇူးတင်ခြင်းနှင့် မှီခိုခြင်း၊
- ပစ်ပယ်ခံရမည်၊ အပြစ်ပေးခံရမည်ကို ရှက်ရွံ့ခြင်းနှင့် ကြောက်ရွံ့ခြင်း၊
- ဝမ်းနည်းကြေကွဲခြင်း သို့မဟုတ် စိတ်ဓာတ်ကျဆင်းခြင်း၊
- အပြုအမူများ ပြောင်းလဲလာခြင်း၊

## အပြုအမူများဆိုင်ရာ သိပ္ပံပညာအကြောင်းပြချက်များ - စိတ်သောကဝေဒနာကြောင့် ဦးနှောက်သို့ သက်ရောက်ခြင်း



- Prefrontal Lobe (ဘာသာစကားနှင့်သက်ဆိုင်သော)
  မိမိအတွေးကို ဖော်ပြရန် စကားလုံးများ ရှာမရခြင်း၊
- Amygdala (စိတ်ခံစားချက်များကို ထိန်းညှိခြင်းနှင့်သက်ဆိုင်သော)
  စိတ်ခံစားချက်များကို ထိန်းသိမ်းမှု သို့မဟုတ် ထိန်းချုပ်မှု မပြုလုပ်နိုင်ခြင်း၊
- Hippocampus (မှတ်ဉာဏ် နှင့် အတွေ့အကြုံ စသည်တို့အား မှတ်သားမှုတို့နှင့် သက်ဆိုင်သော)
  အချိန်ခဏတာအတွင်းမှာပင် ပြန်လည်မှတ်မိနိုင်စွမ်းမရှိသည့် ပြဿနာများရှိခြင်း၊
- Prefrontal cortex (စိတ်ခံစားမှု နှင့် ကြောက်ရွံ့မှုအပေါ် တုန့်ပြန်ခြင်းကို ထိန်းညှိပေးမှုနှင့် သက်ဆိုင်သော)
  ရှေ့တွင်ဖြစ်ပေါ်လာမှုမှန်သမျှကို ကြောက်ရွံ့ခြင်း၊

## လူကုန်ကူးခံရသူများ၏ အတွေ့အကြုံတွေက ဘာတွေလဲ။

- သစ္စာဖောက်ခံရခြင်း၊
- အကြမ်းဖက်ခံရခြင်း၊
- ကိုယ်ပိုင်လက္ခဏာ၊ ရွေးချယ်ခွင့်၊ လွတ်လပ်ခွင့် စသည်တို့ ဆုံးရှုံးခြင်း၊
- နာမည်/ဂုဏ်သတင်း ထိခိုက်ခြင်း၊
- သေချာရေရာမှု မရှိခြင်း၊
- ကြောက်ရွံ့ခြင်း၊
- စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှင်းပန်းခံရခြင်း၊
- ခိုကိုးရာမဲ့ခြင်း/အကူအညီမရခြင်း၊



## ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများ

- ငိုကြွေးခြင်း၊
- မအီမသာဖြစ်ခြင်း၊
- ခေါင်းကိုက်ခြင်း၊
- စားချင်သောက်ချင်စိတ်မရှိခြင်း၊
- ရုတ်တရက်ထိတ်လန့်တုန်လှုပ်ခြင်း၊
- ကတုန်ကယင်ဖြစ်ခြင်းသို့မဟုတ် ကြွက်သား နာကျင်ကိုက်ခဲခြင်း၊
- ပင်ပန်းနွမ်းလျခြင် ၊
- အိပ်မက်ဆိုးများမက်ခြင်း၊

## အပြုအမူများ
## (တရားရုံးရှေ့ထွက်ဆိုစဥ် အောက်ပါအပြုအမူများအား သင်မြင်တွေ့ရဖွယ် ရှိပါသည်။)

- အတွေ့အကြုံတစ်ခုအပေါ် မတူညီသောရှုမြင်မှုများဖြင့် ပြန်လည်စဥ်းစားနိုင်မှု မရှိခြင်း၊
- နေ့ရက်များ သို့မဟုတ် အချိန်များကို မမှတ်မိခြင်း၊
- အာရုံစူးစိုက်နိုင်မှု မရှိခြင်း၊
- စိတ်ဆိုးမာန်ဆိုးဖြစ်ခြင်း/ဒေါသပေါက်ကွဲခြင်း၊
- စိုးရိမ်ကြောင့်ကြခြင်းနှင့် ကြောက်ရွံ့ခြင်း၊
- အိပ်မပျော်ခြင်းများ
- ရှက်ရွံ့ခြင်းနှင့် အရှက်ကွဲခြင်း(ရုပ်သိမ်းခြင်း နှင့် သီးခြားထားရှိခြင်း)
- အခြားသူများကို ယုံကြည်ရန်ခက်ခဲခြင်း၊
- အာရုံစူးစိုက်နိုင်မှု သို့မဟုတ် အခြားသူများနှင့် အပြန်အလှန်ဆက်ဆံနိုင်မှု လုံးဝမရှိတော့ခြင်း၊

## ယုံကြည်စိတ်ချရမှု

- လူကုန်ကူးခံရသူများသည် အခြားသူများကို ယုံကြည်ရန်ခက်ခဲတတ်သည်။
- လူကုန်ကူးခံရသူများသည်သစ္စာဖောက်ခံရခြင်းနှင့် ကတိချိုးဖောက်ခံရခြင်း စသည်တို့ တွေ့ကြုံခဲ့ကြရသည်။
- လူကုန်ကူးခံရသူများက ရဲထံတွင် သို့မဟုတ် တရားရုံးရှေ့တွင် မှန်ကန်မှု မရှိသည့် အဖြစ်အပျက်ကို ထွက်ဆိုနိုင်သည်။
- လူကုန်ကူးခံရသူများ၏သဘောထားများနှင့် အပြုအမူများတွင် မရေမရာ ဖြစ်ခြင်း/ဇဝေဇဝါဖြစ်ခြင်း၊ ဖြစ်ပေါ်နေသည့်အခြေအနေနှင့် အံဝင်မှုမရှိခြင်း စသည်တို့ကို မကြာခဏ ဆိုသလိုပင် တွေ့မြင်ရမည် ဖြစ်သော်လည်း ယင်းသို့ဖြစ်ပွားရခြင်းမှာ ခံစားနေရသည့် စိတ်သောက ဝေဒနာ၏ ရလဒ်တစ်ခု နှင့် / သို့မဟုတ် လူကုန်ကူးခံခဲ့ရသည့် အတွေ့အကြုံများ ကြောင့်ပင် ဖြစ်သည်။

## စိတ်သောကဒဏ်ရာ ထပ်မံမဖြစ်ပွားစေရန် ရှောင်ရှားခြင်း

လူကုန်ကူးခံရသူကို ခံစားရစေမည့် အောက်ပါ လုပ်ဆောင်မှု သို့မဟုတ် ကိစ္စများကို ရှောင်ရှားရပါမည် -

- အတင်းအကျပ်ပြုကျင့်သော၊
- နှိပ်စက်ညှဉ်းပန်းသော/စော်ကားသော၊
- ခိုကိုးရာမဲ့စေသော/အကူအညီမဲ့စေသော၊
- ရုန်းမထွက်နိုင်စေသော သို့မဟုတ် အကျဉ်းအကြပ်ထဲသို့ ရောက်ရှိစေသော၊



## အစပျိုးဖြစ်ပွားစေသည့်အချက်များ

- လူကုန်ကူးသူကို မြင်တွေ့ခြင်း၊
- အမမှ သိရှိမှတ်မိသူ တစ်စုံတစ်ဦး (သက်သေ၊ အခြား လူကုန်ကူး ခံရသူ)အား မြင်တွေ့ခြင်း၊
- နှစ်ပတ်လည်နေ့များ/ (ရွှေ/ငွေ) စသည်ရတု
- ရုပ်ပိုင်းဆိုင်ရာမှ သတိပေးမှု၊ နှိုးဆော်မှုများ၊
- သတင်းဆောင်းပါးများ၊ မီဒီယာ၊
- ဘဝဖြစ်စဥ် ဖြစ်ရပ်များ၊
- ကြားနာမှုများ၊ တရားစွဲဆိုမှုများ၊



## လူကုန်ကူးခံရသူအား နားလည်မှုပေးခြင်း

သင်သည် လူကုန်ကူးခံရသူ၏ စိတ်သောကဒဏ်ရာကြောင့် ထိခိုက်ခံစားရမှုများကို နားလည်လက်ခံနိုင်ပြီး အဆိုပါ စိတ်သောကဒဏ်ရာကြောင့် လူကုန်ကူးခံရသူအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သည်ကို အသိအမှတ်ပြု လက်ခံနိုင်မည် ဖြစ်ပါသည်။

သို့မဟုတ်

လူကုန်ကူးခံရသူအား အောက်ပါအတိုင်း အမည်တပ် သတ်မှတ်နိုင်ပါသည် -

- ခက်ခဲသော၊
- ပူးပေါင်းဆောင်ရွက်မှုမရှိသော၊
- ရိုးသားမှုမရှိသော
- အတိုက်အခံလုပ်သော၊
- တစ်ကိုယ်ကောင်းဆန်သော၊

## အတွေ့အကြုံကောင်းဆိုင်ရာ အချက်အလက်များ

- စိတ်သောကဒဏ်ရာကို တုန့်ပြန်ခြင်းများသည် ပုံမှန်မဟုတ်သည့် ဖြစ်ရပ်များကို သာမန်တုန့်ပြန်ခြင်းများ ဖြစ်သည်။
- စိတ်သောကဒဏ်ရာသည် လူတိုင်းအပေါ် မတူကွဲပြားစွာ သက်ရောက်မှုရှိသည်။
- စိတ်သောကဒဏ်ရာသည် လကုန်ကူးခံရသူ၏ ယုံကြည်ပေးနိုင်မှုနှင့် အမှန်ထုတ်ဖော်ပြောပြမှု တို့ကို သက်ရောက်စေကြောင်းနားလည်ပေးပါ။
- ထိရောက်သည့် သက်သေများဖြစ်စေရန် လူကုန်ကူးခံရသူများသည် တည်ငြိမ်အေးချမ်းရန်နှင့် ဘေးကင်းလုံခြုံရန် လိုအပ်သည်။

## လူကုန်ကူးခံရသူများနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်း

**လူကုန်ကူးခံရသူများ၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများနှင့် အကျိုးစီးပွားများ/ စိတ်ပါဝင်စားမှု တို့ကို ရှာဖွေဖော်ထုတ်ခြင်း**

## လူကုန်ကူးခံရသူများ၏ အခြေခံအခွင့်အရေးများ

လူကုန်ကူးခံရသူများအား အောက်ပါ အခြေခံအခွင့်အရေးများအတိုင်း ထိတွေ့ဆက်ဆံရပါမည် -

- ဂုဏ်သိက္ခာရှိခြင်း၊
- မျှတမှုရှိခြင်း၊
- စာနာရိုင်းပင်းမှုရှိခြင်း/မေတ္တာဂရုဏာထားခြင်း၊
- ၎င်းတို့၏ လူ့အခွင့်အရေးကို လေးစားခြင်း၊

## လူကုန်ကူးခံရသူကို ဗဟိုပြု၍ ချဉ်းကပ်ဆောင်ရွက်ခြင်း

- စိတ်သောကဒဏ်ရာ ပြန်လည်ခံစားရမှုကို လျော့နည်းအောင် ပြုလုပ်ပါ။
- လုပ်ငန်းစဉ်အတွင်း လူကုန်ကူးခံရသူများအား ပါဝင်လုပ်ဆောင်ခွင့်ပြုပါ။
- လူကုန်ကူးခံရသူများအား လုပ်ပိုင်ခွင့်ပေးပါ။
- လူကုန်ကူးခံရသူ၏ ကောင်းမွန်သည့်စိတ်ထားဖြင့် ရွေးချယ်မှုများ ပြုလုပ်ပါ။

## လူကုန်ကူးခံရသူအတွက် လိုအပ်ချက်များ

- အခြေခံလိုအပ်ချက်များ (အစားအစာ၊ ဂေဟာ၊ အဝတ်အထည်များ)
- စိတ်ပိုင်းဆိုင်ရာ၊
- ဆေးဘက်ဆိုင်ရာ၊
- ဥပဒေဆိုင်ရာ၊
- နေအိမ်၊ အဆောက်အဦ၊
- ဘာသာပြန်ဆိုခြင်း/အခိုပွါယ်ကောက်ယူခြင်း၊
- ပညာသင်ကြားခြင်း၊
- အလုပ်အကိုင်သင်တန်း/အလုပ်အကိုင်၊
- ဘဝတွက်တာကျွမ်းကျင်မှုများ၊
- မိသားစုပြန်လည်ပေါင်းစည်းခြင်း၊

## လူကုန်ကူးခံရသူအတွက် ရရှိနိုင်သော အရင်းအမြစ်များ

- အစိုးရ အရင်းအမြစ်များ၊
- အစိုးရမဟုတ်သည့်အဖွဲ့အစည်း(NGO) အရင်းအမြစ်များ၊

## စိန်ခေါ်မှုများ

- အရင်းအမြစ်များ ရှားပါးသည်။
- လူကုန်ကူးခံရသူ၏လိုအပ်ချက်များမှာ ခက်ခဲရှုပ်ထွေးသည်။
- စိတ်သောကဒဏ်ရာ၏ သက်ရောက်မှုရှိခြင်း၊
- အမှုကြန့်ကြာနေခြင်း၊
- ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊
- ဆက်သွယ်ဆက်ဆံရေး၊

## အတွေ့အကြုံကောင်းဆိုင်ရာ အချက်အလက်များ

- ရရှိနိုင်သည့် အရင်းအမြစ်များနှင့်စပ်လျဉ်း၍ ကိုယ်တိုင်ပညာပေးပါ။
- သင်မည်ကဲ့သို့ ကူညီနိုင်မည်ဆိုသည်ကို နားလည်ပါ။
- လူကုန်ကူးခံရသူအား ကုစားပေးရန်၊ ပြန်လည်တည်ဆောက်ပေးရန် နှင့် လုပ်ပိုင်ခွင့်ပေးရန် လိုအပ်သည်။
- လူကုန်ကူးခံရသူ၏ လိုအပ်ချက်များကိုက်ညီစေရန် ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လိုအပ်သည်။

## လူကုန်ကူးခံရသူ၏ စိုးရိမ်ပူပန်မှုများ

- ကိုယ်တိုင်ဘေးကင်းလုံခြုံရေး၊
- မိသားစု/သူငယ်ချင်းများ ဘေးကင်းလုံခြုံရေး၊
- ငွေကြေးဆိုင်ရာ စွန့်စားရမှု အန္တရာယ်များ၊
- မိခင်နိုင်ငံ သို့မဟုတ် အသိုက်အဝန်းအတွင်း ဂယက်ရိုက်ခက်ခြင်း၊
- နာမည်၊ ဂုဏ်သတင်း၊

## လူကုန်ကူးခံရသူများအတွက် ဆုံးဖြတ်ချက်များ

- လူကုန်ကူးမှု ဟုတ်၊ မဟုတ် သတင်းပေးပါ။
- ပြစ်မှုဆိုင်ရာမှုခင်းအား ဆက်လက်အရေးယူဆောင်ရွက်ပါ။
- ပြစ်မှုဆိုင်ရာမှုခင်းအား တရားရုံးရှေ့ထွက်ဆိုပါ။
- တရားမမှု တရားစွဲဆိုခြင်း ဆက်လက်လုပ်ဆောင်ပါ။

## လူကုန်ကူးခံရသူရဲ့ အကျိုးစီးပွားများ - ဘာကြောင့် ရှေ့တန်းတင်ရသလဲ။

- ဘာတွေမှားယွင်းဖြစ်ပွားခဲ့တာလဲ။
- တရားမျှတမှု ရှာဖွေခြင်း၊
- ထိခိုက်မှုအတွက် လျော်ကြေး တောင်းခံခြင်း၊
- လုပ်ပိုင်ခွင့်ပေးခြင်း၊
- အခြားသူများအား ဥပမာများပေးခြင်းဖြင့် ကူညီခြင်း၊

## အတွေ့အကြုံကောင်းများဆိုင်ရာ အချက်အလက်များ

- လူကုန်ကူးခံရသူ၏ လိုအပ်ချက်များအား ဖြစ်နိုင်သမျှကာလပတ်လုံး ဖြည့်ဆည်းပေးပါ။ အသိအမှတ်ပြုလက်ခံပေးပါ။
- လူကုန်ကူးခံရသူ၏ ကြောက်ရွံ့ထိတ်လန့်မှုများကို နားလည်ပြီး တုန့်ပြန်ဆောင်ရွက်ပေးပါ။
- လူကုန်ကူးခံရသူ၏ အနာဂတ်အတွက်၊ အမှုကိစ္စအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လုပ်ပိုင်ခွင့်ပေးပါ။
- လူကုန်ကူးခံရသူအား မည်သည်က လှုံ့ဆော်သည်ကို ရှာဖွေ ဖော်ထုတ်ပါ။

Copyright © The Warnath Group, LLC 2015 All Rights Reserved. No part of this presentation may be reproduced without written permission.

The WARNATH GROUP

# လူကုန်ကူးခံရသူနဲ့ ဘယ်လိုပြောဆိုဆွေးနွေးကြမလဲ။

## လူကုန်ကူးမှုများ၌ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုအား အသုံးပြုခြင်း

မြန်မာနိုင်ငံ
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

ယခုအလုပ်ရုံဆွေးနွေးပွဲအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤနေရာ၌ဖော်ပြထားသော ထင်မြင်ချက်များ၊ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များသည် the Warnath Group နှင့်သာ သက်ဆိုင်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လုံးဝသက်ဆိုင်မှု မရှိပေ။

## အောင်မြင်သည့် တွေ့ဆုံမေးမြန်းမှု သို့မဟုတ် တိုက်ရိုက်မေးမြန်းမှု ဖြစ်စေရေးအတွက်ဆက်သွယ်ဆက်ဆံရေးကျွမ်းကျင်မှုများ

- တက်တက်ကြွကြွနားထောင်ပေးခြင်း၊
- မျှဝေခံစားပေးခြင်း၊ (Empathy)
- Open Ended Questions
- ထင်မြင်ချက်/အကဲဖြတ်ချက် မပေးခြင်း (Non-Judgmental)
- လက်ဟန်ခြေဟန်အသုံးပြုမှု သိရှိခြင်း၊
- လူကုန်ကူးခံရသူ ထွက်ဆိုချက်ပေးနိုင်ရန် ပြင်ဆင်ပေးခြင်း (ဖြစ်နိုင်ပါက)
- မှန်ကန်သင့်တော်သည့် စကားပြန်များ အသုံးပြုခြင်း၊

THE WARNATH GROUP 2

## TRAUMA INFORMED APPROACH



- စိတ်သောကဒဏ်ရာ၏ သက်ရောက်မှုကို နားလည်ပေးပါ။
- လူကုန်ကူးခံရသူ၏ ရောဂါလက္ခဏာများကို ပုံမှန် ဖြစ်နေပါစေ။
- အကူအညီပေးနိုင်ရန် ၎င်းတို့အား တိုက်တွန်းပါ။
- ပြန်လည်ထူထောင်သက်သာလာမည်ဟု ယုံကြည်ပြီး ထောက်ပံ့ပေးပါ။
- informed consent အရ စိတ်ကျန်းမာရေးကျွမ်းကျင်သူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါ။
- စိတ်သောကဒဏ်ရာ စတင်လာနိုင်သည့်အချက်များကို သတိပြုပါ။
- တွေ့ဆုံမေးမြန်းခြင်းသည် စိတ်ဒဏ်ရာပြန်ဖြစ်စေတတ်သဖြင့် ရောဂါလက္ခဏာ အရိပ်အယောင်ပြလာပါက အထောက်အပံ့ဖြစ်စေရန် အစီအစဥ်တစ်ရပ် ချမှတ် ထားပါ။
- စိတ်ခံစားမှုပြင်းထန်နေချိန်တွင် ၎င်းတို့အား ပစ်မထားပါနှင့်။


THE WARNATH GROUP

## လူကုန်ကူးခံရသူများအနေဖြင့် မည်သည့်အတွက်ကြောင့် ထွက်ဆိုချက်များပေးရသနည်း။

ဘေးကင်းလုံခြုံစိတ်ချမှုနှင့် အထောက်အပံ့



တရားမျှတမှုရှိစေခြင်း




အခြားသူများမဖြစ်စေရန် လုပ်ဆောင်ပါ။



THE WARNATH GROUP

## စိတ်သောကဒဏ်ရာ ပြန်မဖြစ်စေရန် သို့မဟုတ် သက်သာစေရန် မည်ကဲ့သို့ ကာကွယ်ဆောင်ရွက်မည်နည်း။

- နားထောင်ပေးပါ။
- ပြောပြနေစဉ် လူကုန်ကူးခံရသူ၏ ဦးဆောင်မှုနောက်သို့ လိုက်ပါ။
- ထင်မြင်ချက်/ဆုံးဖြတ်ချက် မပေးပါနှင့် သို့မဟုတ် လွန်စွာ စိတ်ပျက်နေကြောင်း မပေါ်လွင်ပါစေနှင့်။
- ပြောပြနေသည်ကို ခိုင်ခိုင်မာမာယုံကြည်ကြောင်း ပြသပါ။
- လူကုန်ကူးခံရသူအနေဖြင့် နောက်ထပ်မေးခွန်းများအတွက် အဆင်သင့်ဖြစ်ခြင်း ရှိ၊ မရှိ အကဲခတ်ပါ။
- အရေးကြီးအခြေအနေ(crisis)အတွက် တုန့်ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်ထားပါ။
- အကူအညီတောင်းခံလာမှုများအတွက် တုန့်ပြန်ပေးပါ။

THE WARNATH GROUP 5

## စကားပြန်များနှင့် လုပ်ငန်းဆောင်ရွက်ခြင်း

- ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် လျှို့ဝှက်မှုတို့အပေါ် အကဲဖြတ်ပါ။
- အကြောင်းအရာအပေါ် လိုလိုလားလားဆောင်ရွက်လိုခြင်း၊ ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ အကဲဖြတ်ပါ။
- unknown volunteers များအား လက်မခံပါနှင့်။
- တွေ့ဆုံမေးမြန်းပြီးပါက ဆောင်ရွက်ချက်များကို မေးမြန်းမှတ်သားပါ။




THE WARNATH GROUP 6

## အကြံပြုချက်များ (RECOMMENDATIONS)

- လူကုန်ကူးခံရသူအား လုပ်ငန်းစဉ်ကို ရှင်းပြပါ။
- ဥပဒေအရ ပြဋ္ဌာန်းထားသည့် အခွင့်အရေးများနှင့် တာဝန်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်ကို ပေးပါ။
- လူကုန်ကူးခံရသူ သိရှိလိုသည့် မေးခွန်းမှန်သမျှကို မေးမြန်းနိုင်ကြောင်း ၎င်းသိရှိနိုင်ပါစေ။
- လူကုန်ကူးခံရသူ၏ input ကို တန်ဖိုးထားပါ။
- လျှို့ဝှက်ထားရမည့်ကိစ္စဖြစ်သဖြင့် အမှုနှင့်ပတ်သက်၍ အများပြည်သူရှေ့တွင် သို့မဟုတ် အခြားသူများနှင့် တိုင်ပင်ဆွေးနွေးခြင် မပြုပါနှင့်။

Copyright © The Warnath Group, LLC 2015 All Rights Reserved. No part of this presentation may be reproduced without written permission.

The WARNATH GROUP

# လူကုန်ကူးခံရသည့် ကလေးသူငယ်များ

## လူကုန်ကူးမှုများ၌ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုအား အသုံးပြုခြင်း

မြန်မာနိုင်ငံ
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

ယခုအလုပ်ရုံဆွေးနွေးပွဲအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤနေရာ၌ဖော်ပြထားသော ထင်မြင်ချက်များ၊ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များသည် the Warnath Group နှင့်သာ သက်ဆိုင်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လုံးဝသက်ဆိုင်မှု မရှိပေ။



## ဘယ်အရာတွေက ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လွှမ်းမိုးမှုရှိတာလဲ။

- ပင်ကိုစရိုက်
- ကျန်းမာရေး
- မိသားစု
- နေအိမ်
- ယဉ်ကျေးမှု
- အသိုက်အဝန်း
- အတွေ့အကြုံများ
- ပတ်ဝန်းကျင်
- အခွင့်အလမ်းများ



## ကလေးသူငယ် ဖွံ့ဖြိုးမှုဆိုင်ရာ အဆင့်များ

၀-၁၂ လ

၁၂လ - ၃ နှစ်

၃ - ၅ နှစ်

၅ - ၇ နှစ်

၇ - ၉ နှစ်

၉ - ၁၂ နှစ်

၁၂ - ၁၈ နှစ်



## ဖွံ့ဖြိုးတိုးတက်သည့် ဧရိယာများ

- ကိုယ်ခန္ဓာ
- လူမှုရေး
- စိတ်ခံစားမှု
- သိမြင်တတ်သော



## ၁၂ - ၁၈ နှစ်

- ခန္ဓာကိုယ်တွင် ထူးထူးခြားခြားပြောင်းလဲသည်။
- ကိုယ်ပိုင်အယူအဆ - မည်သူမည်ဝါ၊ ကျား/မ၊ ဖို/မလက္ခဏာ၊ ယဉ်ကျေးမှု၊ အခြားသူများနှင့် မည်ကဲ့သို့ ဆက်နွှယ်မည်၊
- ဆုံးဖြတ်ချက်များချမှတ်နိုင်သည်။
- Values and opinions forming
- အနီးပတ်ဝန်းကျင်ရှိ သက်တူရွယ်တူတို့၏ အပြုအမူများ၊
- စိတ်ခံစားမှုများ၊ စိတ်ပြောင်းလဲမှုများ ပြင်းထန်သည်။
- Boundaries – ဘေးကင်းမှု ရရှိရန် ညှိနှိုင်းကျော်လွှားခြင်းနှင့် သင့်လျော်သည့်အပြုအမူ
- အခြားသူများနှင့် ဆက်သွယ်ဆက်ဆံမှုများကို လေ့လာသင်ယူခြင်း၊
- ပစ္စုပ္ပန်ကို မျက်မှောက်ပြုခြင်း – အနာဂတ်ကိုမစဉ်းစားခြင်း သို့မဟုတ် စွန့်စားလိုသည်။
- မိသားစုဝင်များနှင့် အပြန်အလှန်အမှီသဟဲပြုခြင်း၊
- လူကြီးအတွေ့အကြုံများ ပိုမိုရရှိလိုခြင်း၊
- Logical thinking (လူကြီးတစ်ယောက်ကဲ့သို့ တွေးမြင်တတ်ခြင်း၊ )
- ပြဿနာကိုမည်ကဲ့သို့ ဖြေရှင်းမည်၊
- အခြားအမြင်များကို နားလည်လက်ခံခြင်း၊

## လူကုန်ကူးမှုကြောင့် ထိခိုက်နစ်နာခြင်း

- လိင်ပိုင်းဆိုင်ရာအလွဲသုံးခံရခြင်း၊ အကြမ်းဖက်ခံရခြင်း၊
- ဒဏ်ရာရရှိခြင်းများ အပါအဝင် ကိုယ်ခန္ဓာ အကြမ်းဖက်ခံရခြင်း၊
- အစားအစာနှင့် အခြားလိုအပ်သည့်အရာများ မရရှိခြင်း၊
- ခြိမ်းခြောက်ခံရခြင်းများ၊ လိမ်လည်ခံရခြင်းများ၊
- မိသားစုဆက်ဆံရေး၊ ဘေးကင်းလုံခြုံရေး၊ ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်း၊
- စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှင်းပန်းခံရခြင်း၊

THE WARNATH GROUP 7

## အကျိုးသက်ရောက်မှု

ကလေးသူငယ်သည် အောက်ပါအခြေအနေတစ်ခုတွင် ရှိနေသည်ကို တွေ့ရသည် -

- မယုံကြည်ထိုက်သူကို ယုံကြည်ခြင်း၊
- လုံခြုံမှုမရှိသည့် အခြေအနေတစ်ရပ်တွင် ဆက်လက်ရှိနေခြင်း၊
- ခန့်မှန်းမရသည့် ကြောက်လန့်ဖွယ်အခြေအနေတစ်ရပ်အတွင်း ထိန်းချုပ်ခံထားရခြင်း၊
- ခိုကိုးရာမဲ့စိတ်ရှိခြင်း။

-Judith Herman

THE WARNATH GROUP 8

## အပြုအမူများ

- ခေတ်နောက်ပြန်ဆွဲသည့်အပြုအမူ၊
- အကြမ်းဖက်သော၊ ဂရုမစိုက်သော အငြိမ်မနေတတ်သော/
- စိတ်ခံစားမှုများကို မထိန်းချုပ်နိုင်သော၊
- မိမိကိုယ်ကိုတန်ဖိုးထားမှု နည်းပါးခြင်း၊ အခြားသူများကို မယုံကြည်ခြင်း၊
- သံယောဇဉ်ပြတ်ခြင်း၊ ဆက်ဆံမှုဖြတ်ခြင်း၊
- စိတ်ဓာတ်ကျလွယ်ခြင်း၊ သတ်သေခြင်း၊ ကိုယ့်ကိုယ်ကိုဒုက္ခပေးခြင်း၊
- အဆိုးမြင်တတ်ခြင်း (Pessimistic world view)
- စားချင်၊ အိပ်ချင်စိတ်မရှိခြင်း၊
- အာရုံစူးစိုက်နိုင်မှုမရှိခြင်း၊ မှတ်ဉာဏ်မကောင်းခြင်း၊



## မြန်မာနိုင်ငံနှင့် အနီးအနားရှိနိုင်ငံများမှ နိုင်ငံခြားသားနှင့် မြန်မာ ကလေးသူငယ်များအနေဖြင့် မည်သည့်လူကုန်ကူးမှုများ တွေ့ကြုံနိုင်သနည်း။

လူကုန်ကူးခံရသည့် ကလေးသူငယ်မျက်မြင်သက်သေများသည် လူကြီးများထက် ရပ်တည်ရန်ပိုမိုခက်ခဲနေပါသလား။



## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း

*ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအား အချိန်တိုင်း ဦးစားပေးရမည်။ ကလေးသူငယ်အား အသက် ၁၈ နှစ်အောက်ဟု သတ်မှတ်ထားသည်။*

- အထူးကာကွယ်စောင့်ရှောက်မှုများပေးခြင်း၊
- အထူးအထောက်အပံ့များပေးခြင်း၊
- အသက်နှင့်ပတ်သက်၍ သတ်မှတ်ရန်ခက်ခဲသည့်အမှုများတွင် အသက်ခန့်မှန်းပေးခြင်း၊
- လူကုန်ကူးခံရသူတစ်ဦးအဖြစ် မှတ်ယူရမှုများတွင် အသက်ခန့်မှန်းပေးခြင်း၊

## ကလေးသူငယ်များအတွက် အဓိကအချက်များ

- ရာဇဝတ်သားအဖြစ် မဆက်ဆံပါနှင့်။ (Do not criminalise)
- ဖမ်းဆီးချုပ်နှောင်ခြင်း မပြုပါနှင့်။
- ပူးပေါင်းဆောင်ရွက်မှုမရှိသော်လည်း စောင့်ရှောက်ပေးပါ။ ထောက်ပံ့ပေးပါ။
- အနိုင်အထက်မပြုဘဲ စောင့်ရှောက်ပေးပါ။ ထောက်ပံ့ပေးပါ။
- နိုင်ငံသားမဟုတ်သည့်ကလေးသူငယ် လူကုန်ကူးခံရသူများအား ထောက်ပံ့ပေးပါ။ အခွင့်အရေးပေးပါ။ (အခြားနိုင်ငံသား ကလေးသူငယ်များ)
- ၎င်းတို့၏အမြင်များအား လေးစားပေးပါ။ သတင်းအချက်အလက်များပေးပါ။
- ၎င်းတို့၏ privacy ကို လေးစားပေးပါ။
- အကောင်းဆုံးအကျိုးစီးပွားများအတွက် လွတ်လပ်စွာဖြင့် အုပ်ထိန်းမှုပေးပါ။
- တရားခွင်လုပ်ငန်းစဥ်များ၌ ဘေးကင်းစေပြီး အကျိုးရှိစွာ ပါဝင်ခွင့်ပေးပါ။

THE WARNATH GROUP 13

## အုပ်ထိန်းသူတစ်ဦး၏ အခန်းကဏ္ဍ

- ဆုံးဖြတ်ချက်များအားလုံးသည် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ဖြစ်ပါစေ။
- သင့်လျော်သည့် ပြုစုစောင့်ရှောက်မှု ပေးပါ။
- လိုအပ်ပါက ဥပဒေအကာအကွယ်/အကူအညီ ပေးပါ။ (access to legal representation)
- ကလေးသူငယ်များ၏ အခွင့်အရေးများအကြောင်း အကြံဉာဏ်ပေးပါ။ တိုင်ပင်ညှိနှိုင်းပါ။
- ကလေးသူငယ်တစ်ဦးအတွက် durable solution တစ်ခုရှိ၊ မရှိ စိစစ်ခွဲခြားရာတွင် ပါဝင်ပါ။
- ကလေးသူငယ်အား proceedings လုပ်ငန်းစဥ်အားလုံးကို အမြဲပြောပြပါ။
- ကလေးသူငယ်နှင့် အထောက်အပံ့များအကြား ဆက်နွယ်မှုများ ဆက်လက်ထားရှိပါ။
- မိသားစုအခြေအနေ စုံစမ်းရာတွင် ကလေးသူငယ်အား အကူအညီပေးပါ။
- နေရပ်ပြန်ပို့ရန် သေချာပါက ကလေးသူငယ်၏ အကောင်းဆုံးအခြေအနေဖြစ်အောင် ဆောင်ရွက် ပေးပါ။
- သက်ဆိုင်ရာ စာရွက်စာတမ်းကိစ္စများအားလုံး ပြည့်စုံမှုရှိအောင် ဆောင်ရွက်ပါ။

-UNICEF Guidelines on the Protection of Child Victims of Trafficking

THE WARNATH GROUP 14

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

**အခန်း (၆) ကလေးသူငယ်များနှင့် လူငယ်များအား အထူးကာကွယ်စောင့်ရှောက်ခြင်း**

- ဂုဏ်သိက္ခာ၊ လုံခြုံရေးနှင့် အကူအညီ၊
- အကောင်းဆုံးအကျိုးစီးပွားများ၊
- မိသားစုပြန်လည်ပေါင်းစည်းခြင်း နှင့်/ သို့မဟုတ် ကာကွယ်စောင့်ရှောက်ခြင်း၊
- လျှို့ဝှက်ထားရှိပေးခြင်း၊
- ၎င်းတို့၏ဆန္ဒများအရ လွတ်လပ်စွာရွေးချယ်ခွင့်ပေးခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ပေးခြင်း၊
- ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများအတွက် ကုစားပေးခြင်း၊
- သင်တန်းတက်ရောက်ခွင့်ပြုခြင်း၊
- နစ်နာကြေး/လျော်ကြေးအတွက် တရားမမှုစွဲဆိုနေစဉ်အတွင်း အထောက်အပံ့ပေးခြင်း၊

THE WARNATH GROUP 15

## တွေ့ဆုံမေးမြန်းရာတွင် အဓိကကျသည့်အချက်များ

- ထိုအချိန်သည် ကလေးသူငယ်နှင့် တွေ့ဆုံသင့်ချိန် ဖြစ်ပါသလား။ ဤမေးခွန်းအား မည်သူဖြေဆိုနိုင်ပါသလဲ။
- သင်၏တွေ့ဆုံမေးမြန်းမှုအတွက် ကြိုတင်စီမံထားပါ။
- ကလေးသူငယ် ရင်းနှီးကျွမ်းဝင်မှုရှိနိုင်မည့်အခန်းတစ်ခု စီစဉ်ထားပါ။
- အုပ်ထိန်းသူ မဖြစ်မနေ ရှိနေပါစေ။
- ကလေးသူငယ်၏ ကျား/မအခြေအနေပေါ် မူတည်၍ တွေ့ဆုံမေးမြန်းမည့်သူကို ထပ်တူ ရွေးချယ်ပါ။
- နောက်ထပ် အထောက်အပံ့ပေးမည့်သူကို ကလေးသူငယ်နှင့်အတူ ရှိနေခွင့်ပြုပါ။
- လိုအပ်ပါက စကားပြန်အသုံးပြုပါ။
- တွေ့ဆုံမေးမြန်းရာတွင် ကြာမြင့်မည့်ကာလကို သတ်မှတ်ထားပါ။
- ကလေးသူငယ်များအနေဖြင့် ၎င်းတို့နှင့်ပတ်သက်၍ မည်ကဲ့သို့ဖြစ်ခဲ့သည်ကို ပြသရန် သို့မဟုတ် လက်တွေ့ပြရန် မခိုင်းပါနှင့်။

-UNODC Anti-human Trafficking Manual for Criminal Justice Practitioners

THE WARNATH GROUP 16

## တွေ့ဆုံမေးမြန်းရာတွင် တွေ့ကြုံရမည့် အခက်အခဲများ

- ကလေးသူငယ် ရင်းနှီးနားလည်သည့် ဘာသာစကား (Child-friendly language)
- သင်၏အဆိုပြုချက်/အကြံပြုချက်များကို ကလေးသူငယ်များက သဘောတူလက်ခံဖွယ်ရှိသည်။
- ၎င်းတို့ဘာဖြစ်ခဲ့သည်ကို ရှင်းလင်းပြသသည့်စကားလုံးများကို မသိပါ။
- သတင်းမှား = coping strategy
- Misinformation = coping strategy
- စိတ်ကသိကအောက်ဖြစ်စေခြင်း၊ ရှက်ရွံ့စေခြင်း၊
- မိသားစုဆုံးရှုံးခြင်း၊ သံယောဇဉ်ပြတ်ခြင်း၊
- မည်သည့်အတွက်ကြောင့် သတင်းအချက်အလက်ပေးသင့်သည်ဆိုသည်ကို နားမလည်ခြင်း။
- အချိန်ပိုမိုလိုအပ်နိုင်ခြင်း၊
- စိတ်သောကဒဏ်ရာ စတင်ပေါ်ပေါက်လာခြင်း၊

THE WARNATH GROUP 17

## တရားမစွဲတင်မီ/တရားစွဲတင်ခြင်း

- (အုပ်ထိန်းသူလိုက်ပါပြီ ) ထွက်ဆိုရာတွင် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွား ရရှိပါစေ။
- လုပ်ငန်းစဉ်နှ အချိန်ကာအကြောင် ပြောဆိုပါ။
- စကားပြန်များ စီစဉ်ပေးပါ။ တရားစွဲတင်ခြင်း တစ်လျှောက်လုံးတွင် ဖြစ်နိုင်ပါက စကားပြန်တစ်ဦးတည်း အသုံးပြုပါ၊
- တရားစွဲတင်ရာတွင် *in camera* ဖြင့် ထွက်ဆိုနိုင်ရန် အခြားရရှိနိုင်သော ကာကွယ်စောင့်ရှောက် များဆောင်ရွက်ပေးနိုင်ရ စီစဉ်ပေးပါ။
- တရားရုံး အခန်း၊ လုပ်ငန်းစဉ်များ၊ ပါဝင်မည့်သူများနှင့်စပ်လျဉ်း ကလေးသူငယ်အား အသားကျအောင်၊ ရင်းနှီး ကျွမ်းဝင်အော လုပ်ပေးပါ။ (Orient child to the courtroom, procedures, people involved)
- ထွက်ဆိုချက်ပေးနေစဉ်အတွင်း ကလေးသူငယ်အနီး၌ အထောက်အပံ့ပေးမည့်သူ ရှိနိုင်ရန် စီစဉ်ပေးပါ။
- ဘေးကင်းလုံခြုံစွာ ပို့ဆောင်ပေးခြင်း escort အစောင့်အရှောက်ထားရှိခြင်း နှင့် အခြားအသုံးစရိတ်များ လိုအပ်ပါက ရရှိပါစေ။
- တရားစွဲတင်ခြင်းမပြု အချုပ်ခန်းသို့ မသကာသူတို့ ရောက်ရှိနိုင်ခြင် ရှိ၊ မရှိ ထည့်သွင်းစဉ်းစားပါ။
- စိတ်သောကဒဏ်ရာအတွက် နှစ်သိမ့်ဆွေးနွေးပညာပေး ပြုလုပ်ပါ။
- လိုအပ်ပါက အနားယူခွင့်ပြုပါရန် တရားသူကြီးအာ ခွင့်တောင်းနိုင်ရေ ပြင်ဆင်ထားပါ။
- ကလေးသူငယ်အား ၎င်း၏ကြိုးပမ်းအားထုတ်မှုများအပေ ကျေးဇူးတင်ပါ။
- နောက်ထပ်အဆင့်များ သို့မဟုတ် ရလဒ်များအား ကလေးသူငယ်ကို ပြောပြပါ၊ အသိပေးပါ။

THE WARNATH GROUP 18

လူကုန်ကူးခံရသည့် ကလေးသူငယ်အပေါ် သင်၏ယုံကြည်မှုနှင့်
အထောက်အပံ့တို့က ၎င်းတို့ပြန်လည်ထူထောင်နိုင်ရေးအတွက်
အထောက်အပံ့ အကူအညီ ဖြစ်ပါသည်။




Copyright © The Warnath Group, LLC 2014 All Rights Reserved. No part of this presentation may be reproduced without written permission. 19

The WARNATH GROUP

# နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

## လူကုန်ကူးမှုများ၌ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုအား အသုံးပြုခြင်း (ဥပဒေအရာရှိများအတွက်)

မြန်မာနိုင်ငံ
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

ယခုအလုပ်ရုံဆွေးနွေးပွဲအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤနေရာ၌ဖော်ပြထားသော ထင်မြင်ချက်များ၊ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များသည် the Warnath Group နှင့်သာ သက်ဆိုင်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လုံးဝသက်ဆိုင်မှု မရှိပေ။

- တရားခံလွှဲပြောင်းခြင်း (Extradition)

  ပြစ်မှုဆိုင်ရာတရားစွဲဆိုနိုင်ရေးအတွက် တစ်ဦးတစ်ယောက်အား ပြန်လည်လွှဲပြောင်းပေးပါရန် အခြားနိုင်ငံတစ်ခုသို့ မေတ္တာရပ်ခံသည့် တရားဝင်လုပ်ငန်းစဉ်။

- ဥပဒေအကူအညီ အပြန်အလှန်ပေးခြင်း (Mutual Legal Assistance)

  စုံစမ်းစစ်ဆေးရေးနှင့် တရားစွဲဆိုရေးအတွက် သတင်းအချက်အလက်နှင့် သက်သေခံအထောက်အထား ပေးအပ်နိုင်ပါရန် အခြားနိုင်ငံများသို့ တောင်းဆိုသည့် တရားဝင်လုပ်ငန်းစဉ်။

- အလွတ်သဘောပူးပေါင်းဆောင်ရွက်ခြင်း (Informal Cooperation)

  တရားဥပဒေစိုးမိုးရေးနှင့် အခြား အစိုးရ အာဏာပိုင်များ အနေဖြင့် သတင်းအချက်အလက်၊ ထောက်လှမ်းရေးသတင်းအချက်အလက်တို့ကို နိုင်ငံရပ်ခြားမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဖလှယ်နိုင်မည့် အလွတ်သဘောပူးပေါင်းဆောင်ရွက်ရေး Less Cooperation tools။

THE WARNATH GROUP 2

# တရားခံလွှဲပြောင်းခြင်း

- လူကုန်ကူးမှုများအား တရားခံလွှဲပြောင်းနိုင်သည့် ပြစ်မှုများအဖြစ် ဆောင်ရွက်သင့်ပါသည်။
  - United Nations Convention against Transnational Organized Crime (Parent Instrument of Palermo Protocol), Article 16
  - United Nations Trafficking Principles and Guidelines, Principle 14
  - ASEAN Practitioner Guidelines on Effective Criminal Justice Reponses to Trafficking in Persons, Part 1.A.5
- လူကုန်ကူးမှုများတွင် တရားခံလွှဲပြောင်းရာ၌ သွက်လက်မြန်ဆန်သင့်ပါသည်။
  - United Nations Convention against Transnational Organized Crime, Article 16(8)
  - United Nations Trafficking Principles and Guidelines, Guideline 11(9)
- နိုင်ငံများအနေဖြင့် တရားခံလွှဲပြောင်းခြင်း သို့မဟုတ် တရားစွဲဆိုခြင်း ဆောင်ရွက်သင့်ပါသည်။
  - United Nations Convention against Transnational Organized Crime, Articles 15(3), 16(10)
  - ASEAN Practitioner Guidelines on Effective Criminal Justice Reponses to Trafficking in Persons, Part 1.A.4, 2.B.1

THE WARNATH GROUP 3

# ဥပဒေအကူအညီ အပြန်အလှန်ပေးခြင်း

- သက်သေများထံမှ သက်သေခံချက် သို့မဟုတ် ထွက်ဆိုချက်များ ရယူခြင်း၊
- ရှာဖွေခြင်း သို့မဟုတ် သိမ်းဆည်းခြင်းများ လုပ်ဆောင်ခြင်း၊
- သက်သေများ/ မသင်္ကာသူများအား ရှာဖွေဖော်ထုတ်ခြင်း၊
- အစိုးရဘဏ်၊ ငွေကြေးဆိုင်ရာ၊ corporate သို့မဟုတ် စီးပွားရေးလုပ်ငန်းဆိုင်ရာ records များအပါအဝင် documents ၊ records စသည်တို့၏ မူရင်း သို့မဟုတ် မိတ္တူမှန်များ ပေးခြင်း၊
- ပြစ်မှုကျူးလွန်၊ ဖြစ်ပွားမှုများအား ရှာဖွေဖော်ထုတ်ခြင်း၊
- ပိုင်ဆိုင်မှုများအား ထိန်းသိမ်းထားခြင်း၊ (Freezing Assets)
- တရားရေးအထောက်အထားများပေးခြင်း၊ (Serving Judicial Documents)
- တောင်းဆိုသည့်နိုင်ငံသို့ မိမိသဘောဆန္ဒအလျောက် သွားရောက်နိုင်ရေး ကူညီပေးခြင်း၊ (voluntary appearance of persons)
- ဥပဒေရေးရာ တရားစွဲဆိုမှု(Legal Proceeding)၊ စုံစမ်းစစ်ဆေးမှု သို့မဟုတ် အကျဉ်းသား လွှဲပြောင်းပေးခြင်း၊

THE WARNATH GROUP 4

## ဥပဒေအကူအညီ အပြန်အလှန်ပေးခြင်း

- ပြည်တွင်းဥပဒေများ၌ လူကုန်ကူးမှု၊ ၎င်းနှင့်ဆက်စပ်သည့်အမှုများအတွက် ဥပဒေအကူအညီ အပြန်အလှန်ပေးရေး ပါဝင်သင့်ပါသည်။
  - United Nations Convention against Transnational Organized Crime, Article 18(1)
  - United Nations Trafficking Principles and Guidelines, Principle 14
  - ASEAN Practitioner Guidelines on Effective Criminal Justice Reponses to Trafficking in Persons, Part1.A.5
- နိုင်ငံများအနေဖြင့် လူကုန်ကူးမှု စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့အတွက် နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သင့်ပါသည်။
  - United Nations Trafficking Principles and Guidelines, Guideline 11
- လူကုန်ကူးမှုများတွင် MLA သည် ဦးစားပေးဖြစ်ရမည်။ သွက်လက်မြန်ဆန်ရမည်။
  - United Nations Convention against Transnational Organized Crime, Article 18(24)
  - ASEAN Practitioner Guidelines on Effective Criminal Justice Reponses to Trafficking in Persons, Part 2.D.4

THE WARNATH GROUP 5

## ဥပဒေအကူအညီ အပြန်အလှန်ပေးခြင်း

- ဥပဒေအကူအညီအပြန်အလှန်ပေးရာတွင် လူ့အခွင့်အရေးကို လေးစားရပါမည်။ မသင်္ကာသူ၏အခွင့်အရေးများ၊ မျှတသည့်တရားစီရင်ခွင့်၊ နှိပ်စက်ညှင်းပန်းမှုတားမြစ်ခြင်း၊ ခွဲခြားဆက်ဆံမှုတားမြစ်ခြင်း စသည့် ပြဋ္ဌာန်းအခွင့်အရေးများကို ချိုးဖောက်ခြင်းမပြုရပါ။
  - International Covenant on Civil and Political Rights, Articles 9, 4
  - Treaty on Mutual Legal Assistance in Criminal Matters among Like-Minded ASEAN Member Countries, Article 3(c) –(d)
  - United Nations Trafficking Principles and Guidelines, Guideline 14

THE WARNATH GROUP 6

# အလွတ်သဘော ပူးပေါင်းဆောင်ရွက်ခြင်း (Informal Cooperation)

- လူကုန်ကူးခံရသူ၊ သက်သေများနှင့် မသင်္ကာသူများအား အလွတ်သဘော စိစစ်ခွဲခြားခြင်းနှင့် ရှာဖွေခြင်း၊
- လူကုန်ကူးခံရသူ/သက်သေတို့၏ ၎င်းတို့သဘောဆန္ဒအလျောက် ထွက်ဆိုသည့် ထွက်ဆိုချက်များ၊
- ထွက်ဆိုချက်များတွင်ပါဝင်သည့် သတင်းအချက်အလက်များအား စိစစ်ခြင်း၊
- ပြစ်မှုမှတ်တမ်းတွင် စစ်ဆေးခြင်းများ၊
- နိုင်ငံကူးလက်မှတ် နှင့် ဗီဇာမှတ်တမ်းတို့တွင် စစ်ဆေးခြင်းများ၊
- အများပြည်သူဆိုင်ရာသတင်းအချက်အလက် (မြေပိုင်ဆိုင်မှု၊ လိပ်စာများ၊ မော်တော်ယာဉ်များ စသည်တို့နှင့်စပ်လျဉ်းသည့် အစီရင်ခံစာများ)

Copyright © The Warnath Group, LLC 2015 All Rights Reserved. No part of this presentation may be reproduced without written permission. 7

The WARNATH GROUP

# ပြည်တွင်းလူကုန်ကူးမှုတွင် ပူးပေါင်းဆောင်ရွက်ခြင်း

## လူကုန်ကူးမှုများ၌ လူကုန်ကူးခံရသူ ဗဟိုပြု ချဉ်းကပ်ဆောင်ရွက်မှုအား အသုံးပြုခြင်း


မြန်မာနိုင်ငံ
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

ယခုအလုပ်ရုံဆွေးနွေးပွဲအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤနေရာ၌ဖော်ပြထားသော ထင်မြင်ချက်များ၊ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များသည် the Warnath Group နှင့်သာ သက်ဆိုင်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လုံးဝသက်ဆိုင်မှု မရှိပေ။

# The WARNATH GROUP

## လူကုန်ကူးမှုတိုက်ဖျက်ရေး သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် လေးစားအပ်ပါသော မြန်မာသင်တန်းသားများခင်ဗျား

## ဝက်ဘ်စာမျက်နှာတစ်ခုအား အဆွေတော်တို့အတွက်ရည်ရွယ်ကာ အင်တာနက်တွင် လွှင့်တင်ထားပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




အင်တာနက် ဝက်ဘ်ဆိုက်လိပ်စာ http://www.warnathgroup.com/the-republic-of-the-union-of-myanmar တွင် ကြည့်ရှုနိုင်ပါသည်။

**စကားဝှက် = *Mingalarba***

**သင်၏ဝက်ဘ်စာမျက်နှာအား ကြည့်ရှုရာတွင် အကူအညီလိုအပ်နေပါက သို့မဟုတ် မေးမြန်းလိုသည်များရှိပါက Joanna Nicoletti ၏ အီးမေးလ်လိပ်စာအမှတ် LegalAnalyst@warnathgroup.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

သင်တို့ ကိုယ်တိုင်တက်ရောက်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ သို့မဟုတ် သင်တန်းနှင့်စပ်လျဉ်း၍ ဤဝက်ဘ်စာမျက်နှာ၌ ချိုးမွမ်းဖော်ပြထားပြီး နောက်ဆုံးသတင်းအချက်အလက်များအား ပြင်ဆင်ပေးထားသည့် နောက်ထပ် အရင်းအမြစ်များလည်း ပါဝင်သည်။